# မာတိကာ


**မာတိကာ** ၁

**စကားချီး** ၅

**ထေးငှားလျာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊** ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၂၂

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၂၄

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၃၂

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၃၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၅

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ** ၃၈

(၁) ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) လက်ရှိဖွံ့ဖြိုးရေ အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၈၁

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၈၇

ဇယား ၄၅ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ကိုးကားစာရင်း** ၉၃

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၉၄

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မကျီးကုန်းကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင် ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်း များသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏

အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက် လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထေးငှားလျားကျေးရွာ

လွိုင်ကော်မြို့နယ်

**ထေးငှားလျားကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်ကော်မြို့နယ်**



ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၉.၇.၂၀၁၅) ရက်နေ့တွင်ကောက်ယူထားခြင်းဖြစ်ပါသည်။

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပုံအပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း

အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်း

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ထေးငှားလျားကျေးရွာသည် ဒေါပေါ်ကလဲကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွိုင်ကော်မြို့၏ အနောက်မြောက်ဘက် (၁.၆) ကီလိုမီတာနှင့် မိုးဇွဲနှင့် (၉.၆) ကီလိုမီတာ အကွာအဝေး ဘီလူးချောင်းဘေးတွင် တည်ရှိပါသည်။ လွိုင်ကော်မြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာ ရက်ပေါင်း (၁၂၀) ရက် နှင့် မိုးရေချိန်မှာ (၄၀) လက်မ အောက်ရှိသည်။

### (ခ) သဘာဝအရင်းအမြစ်များ

**လွိုင်ကော်မြို့**သည် ဘီလူးချောင်းမှ တနှစ်ပါတ်လုံး ရစ်ခွေစီးဆင်းနေသောမြို့ဖြစ်ပြီး မြန်မာပြည်၏ အကြီးဆုံးလောပိတရေတံခွန်နှင့် ရေအားလျပ်စစ်ထုတ်လုပ်သောမြို့ ဖြစ်သည်။ လယ်စပါး၊ အဖိုးတန်သစ်သီးဥယျဉ်ခြံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ ရွှေပြောင်းတောင်ယာ၊ အဖိုးတန် ကျွန်းနှင့်သစ်မာများ မျိုးစုံစိုက်ပျိုးဖြစ်ထွန်းသော ရေမြေရာသီဥတု ရှိသည်။ မြို့နယ်သည် သဘာဝ သယံဇာတနှင့် ပတ်သက်၍ ခဲမဖြူနှင့် အဖြိုက်နက် အနည်းငယ်ထွက်ရှိသော ဒေသလည်းဖြစ်သည်။

**ထေးငှားလျားကျေးရွာသည်** ဘီလူးချောင်းနှင့် ထေးငှားလျားချောင်းဘေးတည်ရှိပြီး ထေးငှားလျားချောင်းသည် မိုးရာသီတွင်သာ ရေရှိသည်။ ဘီလူးချောင်းမှာ တနှစ်ပါတ်လုံး ရေစီးဆင်းသောချောင်း ဖြစ်သည်။ ဘီလူးချောင်းသည် ၎င်းဒေသ၏ စိုက်ပျိုးရေးအတွက် များစွာအကျိုးရှိပြီး ထေးငှားလျားကျေးရွာကို ကုန်းကြောင်း၊ ရေကြောင်း(လှေငယ်၊စက်လှေ)တို့ဖြင့် သွားလာနိုင်သည်။ ငါးမွေးမြူရေးအတွက်လည်း အလားအလာကောင်းများရှိသည်။ ထေးငှားလျား ကျေးရွာတွင် စိုက်ပျိုးမြေအဖြစ် လယ်နှင့် ယာမြေများစွာရှိသည်။ လက်ရှိလယ် များကို မိုးဇွဲဆည်မှ ဆည်ရေဖြင့် စိုက်ပျိုးနေကြပြီး ဆည်ရေလုံလောက်မှုမရှိသောကြောင့် မိုးစပါး တသီးသာ စိုက်ပျိုး နိုင်သည်။ တခါတရံမိုးခေါင်းပြီး ဆည်ရေနည်းပါက စိုက်ချိန်နောက်ကျပြီး စိုက်ကြရသည်။ ရွာသူရွာ သားများမှ ဘီလူးချောင်းမှလည်း ရေမြောင်းတူးစိုက်ပျိုးရန် စိတ်ဝင်စားကြသည်။ သဖန်ချောင်းမှ ဆည်မြောင်းကို ဖေါက်လုပ်နိုင်ပါက ဆည်ရေအလုံအလောက်ရရှိပြီး မိုးကောင်းသောက်လယ် ဧက ၆၀၀ ခန့်မှာလည်း မိုးစပါး အောင်မြင်စွာ စိုက်ပျိုးလာနိုင်မည်။ ကျေးရွာရှိဘီလူးချောင်းဘေးနှင့်

လယ်ကွင်းများကြားတွင် ငါးမျိုးစုံ၊ ငှက်မျိုးစုံ၊ ဟင်းသီးရွက် အရိုင်းများနှင့် ဆေးဖက်ဝင် အပင်မျိုးစိတ်အချို့ကို ရရှိနိုင်ပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ထေးငှားလျားကျေးရွာတွင် အိမ်ထောင်စုပေါင်း ၃၅၇ အိမ်နှင့် လူဦး ရေပေါင်း (၁၆၁၃) ဦး (ကျား ၇၈၈+ မ ၈၂၅) ဦးရှိသည်။ လူဦးရေထူထပ်မှုမှာ တအိမ်ထောင်ပျမ်းမျှ (၄.၅၂) ဖြစ်ပြီး မိသားစုပျမ်းမျှလူဦးရေ အနည်းငယ်နည်းသည်ကို တွေ့ရပါသည်။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၁၁၆၇ ဦး (၇၂.၃%) ရှိပြီး မှီခိုသူဦးရေမှာ ၄၄၆ (၂၇.၇%) ရှိသည်။ အမျိုးသမီး အလုပ်လုပ်ကိုင်နိုင်သူ လူဦး ရေမှာလည်း အမျိုးသားလူဦးရေထက် ၃ ဦး (၀.၃%) ပိုများသည်ကို တွေ့ရသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေအထား အရ ဆင်းရဲနှင့်ဆင်းရဲဆုံးအိမ်ထောင်စုမှာ စုစုပေါင်း (၃၂၇) အိမ် (၉၀.၅%) ရှိသဖြင့် အများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။ ကျန် ၃၄ အိမ် (၉.၅%)မှာ အဆင်ပြေနှင့် အလယ်အလတ်တန်းစား မိသားစုများဖြစ်သည်။ ဓနဥစ္စာအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ အိမ်အခြေအနေ၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု၊ ကုန်ထုတ်လုပ်ငန်းနှင့် မဆိုင်သောပိုင်ဆိုင်ပစ္စည်း၊ အိမ်မွေးတိရိစ္ဆာန်ပိုင်ဆိုင်မှုနှင့် တနှစ်ဝင်ငွေမှာ အရေးပါသည်ကို တွေ့ရသည်။ အဆင်ပြေသော မိသားစုများမှာ လယ်မြေ အနည်းဆုံး ၅ ဧက အထက်နှင့် တနှစ်ဝင်ငွေ အနည်းဆုံးသိန်း (၂၀) သိန်းအထိ ရှိသော်လည်း ဆင်းရဲဆုံး မိသားစုများမှာ စိုက်ပျိုးမြေမရှိ၊ ပုံမှန်ဝင်ငွေမရှိကြပါ။

### (ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

၃ လအောက် ဝမ်းစာဖူလုံသူများမှာ မြေယာမဲ့ ကျပန်းသမားများနှင့် တောင်သူငယ်များဖြစ်ပြီး ၁၅၀ အိမ်ထောင်စု (၄၂%) ရှိသည်။ ၎င်းတို့မှာ ဆန်စက်မှ ချေးငှားခြင်း၊ ကျေးရွာအတွင်း စျေးဆိုင်နှင့် တောင်သူကြီးများထံမှ ချေးငှါးခြင်း၊ လုပ်အားကြိုတင်ရောင်းခြင်းဖြင့် ဖြေရှင်းကြရသည်။ ကျေးရွာမိသားစု၏ ၁၇၃ အိမ်ထောင်စု ၄၈.၅% ရာခိုင်နှုန်းမှာ သီးနှံပြတ်လတ်ချိန်တွင် တောင်သူကြီးများထံမှ အတိုးဖြင့် ချေးငှားပြီး သီးနှံ ပေါ်လျှင် ချက်ချင်း အမြန်ပြန်ဆပ်ကြရသည်။ နေ့စားလုပ်အားခ သို့မဟုတ် အကြွေးယူခြင်းနှင့် လုပ်အားကြိုရောင်းခြင်း၊ တပိုင်တနိုင်မွေးမြူရေး လုပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ရရာအလုပ်ကို နေ့စားလုပ်ကိုင်၍ ရရှိလာသော ဝင်ငွေများဖြင့် တစ်နေ့စာတစ်နေ့ ဝယ်စားကြသူများလည်း ရှိသည်။ အလုပ်မရှိသောလများတွင် လုပ်အားခ

ကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူ၍စားသုံးရသူများ လည်းရှိ သည်။ ကျန် ၃၄ အိမ် (၉.၅%) သာ ၆ လနှင့်အထက်ဝမ်းစာဖူလုံကြသည်။

လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားကျပန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများ ဖြစ်သည်။

**(ဃ)ကျန်းမာရေးနှင့်အာဟာရ**

ထေးငှားလျားကျေးရွာသည် လက်ရှိတွင်တုပ်ကွေးရောဂါအဖြစ်များနေပါသည်။ ရေကြီးသော နှစ်များတွင် ရေမသန့်၍ ရောဂါဖြစ်ပွားမှုများသည်။

**(င)ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ထေးငှားလျားကျေးရွာတွင် ဘာသာရေးအခြေပြုပညာရေး ပြီးဆုံးသူ (၅) ဦး (၀.၄%)၊ မူလတန်းပြီးဆုံးသူ (၄၈၅) ဦး(၃၅.၆%)၊ အလယ်တန်းပြီးဆုံးသူ (၄၁၂) ဦး (၃၀.၃%)၊ အထက်တန်း (၁၉၄) ဦး (၁၄.၃%)၊ တက္ကသိုလ်ဘွဲ့ရ (၇၀) ဦး(၅.၁%) ရှိပါ သည်။ လက်ရှိတွင် အထက်တန်း တက်ရောက်နေ သူ ၅၇ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ၃၂ ဦးရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အားရကျေနပ်စရာ ဖြစ်ပါသည်။ ကျေးရွာ၏ ကျွမ်းကျင်မှုနှင့် အဓိကဝင်ငွေတိုးလုပ်ငန်းများမှာ ထုတ်ကုန်လုပ်ငန်း ၃ ခု၊ ဆောက်လုပ်ရေး ပန်းရံလက်သမား ၄ ဦး၊ လက်လီလက်ကားဈေးဆိုင် ၂၀၊ သယ်ယူပို့ဆောင်ရေး ၆၆ ဦး၊ စုစုပေါင်းလုပ်ငန်းအရေအတွက် ၉၃ ခုရှိသည်။ ကျပန်း ၇၇ ဦး၊ အစိုးရဝန်ထမ်း ၇၈ ဦးနှင့် စုစုေပါင်း အလုပ်သမား အိမ်ထောင်စု ၁၅၅ ရှိသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

ထေးငှားလျားကျေးရွာတွင် အမျိုးသားဦးရေ ၇၈၈ ဦးနှင် အမျိုးသမီးဦးရေမှာ ၈၂၅ ဦး ရှိသည်။ အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်အားထက် ၃ ဦး (၀.၃%) ရာခိုင်နှုန်းခန့် ပိုမိုပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီး ဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက် နေသော အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်ဖွဲ့စည်းထားပြီး လူငယ်နှင့် အမျိုးသမီးများ ပါဝင်ခွင့်ရမှုနည်း ကြသည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုကိစ္စများအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် လည်း အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါ သည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက် အကူပြုနိုင်ပါသည်။

**(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်** - ကျေးရွာ၏ လိုအပ်ချက်အရ အဖွဲ့ ၁၃ ဖွဲ့ကို ဖွဲ့စည်းထားကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ ကျောင်းအကျိုးတော်ဆောင်၊ မူကြို ကျောင်းကော်မတီ၊ သမဝါ ယမ၊ လူငယ်အဖွဲ့၊ ဗုဒ္ဓဘာသာ တံခွန်တိုင်အဖွဲ့၊ အာရ်စီဂေါပကအဖွဲ့၊ မီးလင်းရေးကော်မတီ၊ နာရေးကူညီမှုအသင်း၊ မြစိမ်းရောင်အဖွဲ့၊ စိုက်ဘဏ်ကော်မတီ၊ ဓမ္မစကြာအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစသည် သက်ဆိုင်သော ကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျဆောင်ရွက်တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက်ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည့်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ** - ထေးငှားလျားကျေးရွာတွင် စုစုပေါင်းလယ်မြေ (၁၀၁၅) ဧက၊ မိုးကောင်းလယ် ၆၀၀ ဧက၊ ယာမြေ ၄ ဧက စုစုပေါင်း ၁၆၁၉ ဧက ရှိသည်။ လယ်မြေအားလုံးမှာ မိုးခြဲဆည် ရေသောက်ဖြစ်ပြီး လယ်ဧက(၁၀၀၀) ဧကနီးပါးကိုမိုးရာသီတွင် စိုက်ပျိုးရေပေးနိုင်ပါသည်။ နွေရာသီတွင် စိုက်ပျိုးရေမရရှိနိုင်ပါ။ မိုးကောင်းသောက်လယ်မှာ မိုးရေလုံလောက်မှသာ စိုက်ပျိုးနိုင်ပြီး မိုးရေနည်းသော နှစ်များတွင် လယ်မစိုက်နိုင်ပါ။ မြေယာဥပဒေအရ ၎င်းနေရာတွင် အခြားသီးနှံလည်း စိုက်ပျိုးခွင့် မရကြပါ။ ယာမြေမှာ မိုးရေသောက်အဓိကဖြစ်သည်။

ထေးငှားလျားကျေးရွာတွင် မြေယာမဲ့ ၉၉ အိမ် (၂၇.၇%)၊ ၂.၅ ဧကအောက် ဆင်းရဲတောင်သူ ၇၀ အိမ် (၁၉.၆%)၊ ၂.၅ ဧကနှင့် ၅ ဧကကြားတောင်သူငယ် ၁၁၃ အိမ်၊ (၃၁.၇%)၊ ၅ ဧကနှင့် ၁၂.၅ ဧကကြား အ လယ်အလတ်တောင်သူ ၇၁ အိမ် (၁၉.၉%) နှင့် ၁၂.၅ ဧကအထက် တောင်သူကြီး ၄ အိမ် (၁.၁%) ရှိသည်။ ထိုကြောင့် စုစုပေါင်း အိမ်ခြေ ၃၅၇ အနက် ၁၆၉ အိမ်မှာ မြေယာမဲ့နှင့် ဆင်းရဲသား တောင်သူများဖြစ်နေသည်ကို တွေ့ရ သည်။ ၎င်းလယ်ယာများမှာလည်း တစ်သီးစားနှင့် မိုးရေသောက်စိုက်ပျိုးမြေများဖြစ်သဖြင့် ဝမ်းစာဖူလုံမှု မရှိကြပါ။ မိုးခြဲဆည်မှ ထေးငှားလျား

ကျေးရွာရှိ လယ်ဧက(၁၀၀၀)ခန့်ကို မိုးရာသီနှင့်နွေရာသီ(၂)ရာသီရေပေးနိုင်သော်လည်း မိုးရာသီတွင် ရေအလုံအလောက်ရသည်။ နွေရာသီတွင်ရေအလုံအလောက်မရရှိပါ။ (ရေအားလျှပ်စစ် ထုတ်ယူသောကြောင့်ဖြစ်ပါသည်။ (သခွား၊ ဖရုံ၊ဗူး၊ ပြောင်းဖူး) စသည်သီးနှံများကိုခြံဖြင့် သီးသန့်မစိုက်ဘဲ အိမ်ခြံဝန်းအနည်းအကျဉ်းသာ စိုက်ပျိုးပါသည်။ တောင်သူကြီးအချို့သာ လယ်ယာသုံးစက်ကရိယာများကို အသုံးပြုနိုင်ကြသည်။ နွားကိုအဓိကအသုံးပြုကြပြီး ထွန်စက်များကို တွဲဖက်သုံးကြသည်။ နွားတရှဉ်း ထွန်တစပ်ငှားခမှာ ၅၀၀၀ ကျပ် ၊ လက်တွန်းထွန်စက် ငှါးရမ်းသုံး စွဲခ ၁၅၀၀၀ ကျပ် နှင့် ရေစုပ်စက်ငှါးရမ်းခ တနာရီ ၄၀၀၀ ကျပ်ဖြစ်သည်။ လုပ်ငန်းခွင် ကြန့်ကြာမှုများရှိသဖြင့် စက်ကိရိယာများကို ငှားရမ်းသုံးစွဲကြရသည်။ လက်ရှိလယ် (၁၀၁၅) ဧကနှင့် ယာ(၄)ဧက ရှိပြီး လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု မရှိပါ။ လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်းနှင့် ငှါးရမ်းခကြီးမြင့်မှုကြောင့် တောင်သူငယ်များသည် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုံးလျော့နည်းကြသည်။

မွေးမြူရေးကို ၂၇၂ အိမ်မှ မွေးမြူကြပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ မွေးမြူရေးသီးသန့်လုပ်ကိုင်သူ ၁၄ အိမ် ရှိသည်။ ကျေးရွာတွင် နွားမွေးသော အိမ်ထောင်စု(၉၂)အိမ်မှ (၄၀၁)ကောင်ပိုင်ဆိုင်ပါသည်။ မြင်းမွေးသူ(၂)ဦးရှိပြီး (၄)ကောင်ပိုင်ဆိုင်ပါသည်။ ဝက်မွေးသော အိမ်ထောင်စု(၂၅၃) အိမ်ရှိပြီး(၄၈၂) ကောင်ပိုင် ဆိုင်ပါသည်။ ကြက်မွေးသောအိမ်ထောင်စု (၂၇၂) အိမ်ရှိပြီး(၄၇၄၃) ကောင်ပိုင်ဆိုင်ပါသည်။ ဘဲမွေးသူ(၁)ဦး၊ (၈)ကောင်ပိုင်ဆိုင်ပါသည်။ ငါးကန်မှာ တူးဖော်နေဆဲဖြစ်ပါသည်။ ဘီလူးချောင်းမှ ရေမြောင်းသွယ်ခြင်းဖြင့် ငါးမွေးမြူရန် အခွင့်အလမ်းရှိပါသည်။ နွားကိုလယ်ယာလုပ်ငန်းတွင်အသုံးပြုရန်နှင့် နွားသားဖေါက်ရောင်းရန်အတွက် တောင်သူများက အဓိကမွေးမြူကြသည်။ ဝက်နှင့် ကြက်ကို တပိုင်တနိုင်အနေဖြင့် မိသားစုဝင်ငွေ အတွက် မွေးမြူကြပါသည်။ ကြက်ကို စီးပွါးဖြစ်မွေးမြူလေ့မရှိဘဲ မိမိတို့စားသုံးရန်အတွက်သာ မွေးမြူလေ့ရှိကြသည်။ ဥစား၊ အသားစား ကြက်ကို စီးပွါးဖြစ်မွေးမြူရန် စိတ်ဝင်စားကြသော်လည်း မွေးမြူရေးအနုံအသက်ကို ရွာသူ/သားများမှ လက်မခံကြပေ။ ဈေးကွက်အတွက် လွတ်လပ်စွာရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ် ကျရောက်သော ရောဂါများကို ကာကွယ်နိုင်ခြင်းမရှိ၊ နည်းပညာဝန်ဆောင်မှု မရရှိသောကြောင့် မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေးတောင်သူများ ထုတ်လုပ်မှုနည်းပြီး အမြတ်အစွန်းလည်း နည်းသည်။

**(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** - ကျေးရွာအတွင်းရှိ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများမှာ ဆန်စက် ၃ ခု၊ လက်သမားပန်းရံ ၄ ဦး၊ သယ်ယူပို့ဆောင်ရေး ၆၆ ဦး၊ ဈေးဆိုင် ၂၀၊ စုစုပေါင်း လုပ်ငန်းအရေအတွက် ၉၃ ခုရှိသည်။ ကျပန်း ၇၇ ဦး၊ အစိုးရဝန်ထမ်း ၇၈ ဦး၊ စုစုေပါင်း အလုပ်သမား ၁၅၅ ရှိသည်။ အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်အလုပ်အကိုင်မရှိ။ ပုံမှန်ဝင်ငွေမရ။ တောင်သူငယ်များအတွက် စိုက်ပျိုးရေး

လုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည် အဓိကလုပ်ငန်းဖြစ်သော်လည်း မွေးမြူရေးနှင့် အခြား လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြသည်။ လယ်ယာစိုက်ချိန် တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ နေ့စားလုပ်သား (အလုပ်ကြမ်း)လုပ်သော အိမ်(၁၅၀)ကျော်ရှိသည်။ အလုပ်ကြမ်း၊ ကျပန်းများမှာ အလုပ်ခေါ်သူရှိမှ သာလုပ်ရသောကြောင့် ပုံမှန်အလုပ်မရှိ၊ ပုံမှန်ဝင်ငွေမရ၍ စားဝတ်နေရေးအဆင်မပြေပါ။ အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှားပါးပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု** - ထေးငှားလျားကျေးရွာတွင် လယ်ကွင်းများ၊ လယ်ကန်ဇင်းဘေးများမှ ငါးမျိုးစုံရရှိနိုင်ပါသည်။ သဘာဝအလျှောက် ဆေးဘက် ဝင်အပင်များလည်း ရရှိနိုင်ပါသည်။ ဆေးပုလဲပင်၊ ထိကရုံးပင်ဆေးဖက်ဝင်အပင်များ၊ ငါးများ၊ ငှက်များ တိရိစ္ဆာန်များထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှုအားနည်းပြီး သဘာဝအရင်းအမြစ်ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။ မြေဆီလွှာထိန်းသိမ်းမှုလည်း မရှိကြပါ။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ် တကျစွန့်ပစ်ခြင်းမရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှု နည်းလာသည်။ သစ်တောများလည်း ထုတ်ယူသုံးစွဲမှုများပြီး ထိန်းသိမ်းမှုအားနည်းသောကြောင့် သစ်တောပြုန်းတီးလာသဖြင့် သောက် သုံးရေရှားပါးသည်။ အဝီစီတွင်းတူးသော်လည်း အချို့ရေတွင်းများ ရေထွက်သော်လည်း အချို့ ရေတွင်းများ ရေမထွက်တော့ပါ။ လက်ရှိရေတွင်းများမှာလည်း နွေရာသီတွင် အများအားဖြင့် ရေခမ်းကြသည်။ ဗဟုသုတနှင့်ကျွမ်းကျင်မှု မရှိကြပါ။ မီးကင်းစောင့်ခြင်း၊ နွေရာသီ မီးငြိမ်း သတ်မည့် အစီအစဉ်ချမှတ်ခြင်း၊ လိုက်လံစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများသာ ပြုလုပ်ကြ သည်။ အခြားမည်သည့်ဌာနကမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်းများမရှိပါ။ ဗဟုသုတ လည်း နည်းကြ သည်။

**(င)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု** - ကျေးရွာတွင် စိုက်ဘဏ်မှ လယ်ပုံစံ ၇ ရှိသူသာ လယ် ၁ ဧကကို ၁သိန်းနှုန်းဖြင့် အများဆုံး ၁၀ သိန်းထိရရှိနိုင်သည်။ မြစိမ်းရောင်စီမံကိန်းမှ သိန်း ၃၀၀ ကို ၃ ရစ်ခွဲ၍ အရင်း မပျောက်အောင်မတည်ပေးသည်။ သမဝါယမအဖွဲ့မှာကျား-ဖဦးဖြင့်ဖွဲ့စည်းထားပြီး ယခုထိလည်ပတ် နေဆဲ ဖြစ်ပါသည်။ အပေါင်ဆိုင်မှချေးလျှင် အပေါင်ခံပစ္စည်းလိုအပ်ပြီး အပေါင် လက်မှတ်ကို (၃)လ တကြိမ် လဲလှယ် ပေးရသည်။ သို့သော် ချေးငွေလုံလောက်မှုမရှိကြပါ။ ကျေးရွာတွင် စိုက်ပျိုးစရိတ်နှင့် အခြားလုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးသောအဖွဲ့များမှာ အားနည်းနေပြီး (ချမ်းသာသူများ) ငွေတိုးပေးသူများသာ ရှိသည်။ လွိုင်ကော် နှင့် မိုးဗြဲရှိ အပေါင်ဆိုင်၊ ပွဲစား၊ ပွဲရုံ စသည်တို့မှငွေချေးငှားပါက အပေါင်ခံပစ္စည်း ရှိမှသာ ငွေချေး နိုင်ကြသည်။ အပေါင်လက်မှတ်ကို (၃)လ တကြိမ် လဲလှယ်ပေးရသည်။

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**- ထေးငှားလျားကျေးရွာတွင် မူလတန်း ကျောင်းနှင့် အလယ်တန်းကျောင်းရှိပြီး အစိုးရခန့် မူလတန်းဆရာ/ဆရာမ-၄ ယောက်၊ အလယ်တန်း ဆရာမ ၉ ဦးမှ ပညာ သင်ကြားလျှက်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေ ၂၄၄ ယောက် (၁၇၃% ကျောင်းအပ်နှုန်း)၊ နှင့် အလယ်တန်းကျောင်းသားဦးရေ ၂၃၃ ဦး (၁၅၁.၃%) ဖြစ်နေရခြင်းမှာ

မူလတန်းနှင့် အလယ်တန်းကျောင်းတက်သူ များစာရင်းတွင် ပြင်ပရွာ (၅) ရွာမှ လာတက်သော ကျောင်းသား ၁၈၂ ယောက်ကိုပေါင်းထည့် ထားခြင်းကြောင့် ဖြစ်သည်။ ဆရာနှင့် တပည့်အရေ အတွက် အချိုးညီမျှမှုမရှိသေးပါ။ ကျောင်းသား (၄၇၇) ဦး ရှိပြီး ဆရာ/ဆရာမ (၁၄) ဦးရှိသဖြင့် ကျောင်းသား/ဆရာအချိုးမှာ ၃၄ ရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးကို နှစ်ခြင်းခရစ်ယာန် ကျောင်းတွင် ပြုစုသင်ကြားပေးသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျောင်းသား ၂ ယောက်ထားပေး သည်။ ကျန်မိသားစုများမှာ စရိတ်မတတ်နိုင်ကြပါ။ လက်ရှိကျောင်းအကျိုးတော်ဆောင်များ မှာလည်း ကော်မတီကို ၁၁ ဦး (ကျား ၈ + မ ၃) ဖြင့် ဖွဲ့စည်းထားပြီး ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။ ကျောင်းအတွက် လိုအပ်သော ပရိဘောဂပစ္စည်း၊ ကျောင်းသာယာလှပရေး အတွက် တက်ကြွစွာလှုပ်ရှားမှုရှိသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး အထက်တန်းကို လွှဲကော်သို့ တက်ရောက်ကြသည်။ ပညာရေးကောင်းမွန်ပြီး ဆင်းရဲသောမိသားစုများက ကျောင်းစရိတ်မတတ်နိုင်၍ မူလတန်းနှင့်အလယ်တန်းထိသာ ကျောင်းထားနိုင်ကြသည်။ အထက်တန်းနှင့် တက္ကသိုလ် တက်ရောက်သူများမှာ လွှဲကော်သို့ သွားရောက်တက်ကြရသည်။ ကျေးရွာမူကြိုကလေးများ ရွာမမွာရုံတွင် စာသင်ပေးသည်။ မူကြိုကျောင်းလိုအပ်သည်။ ကျေးရွာရှိ ကျောင်းမှာ ယင်လုံအိမ် သာလုံလောက်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိပါ။

**ကျန်းမာရေးကဏ္ဍ**အတွက် ကျေးရွာတွင် ဆေးခန်းနှင့် သားဖွါးဆရာမတဦးနှင့် ကြီးကြပ် ၁ ဦးရှိသော်လည်း တာဝန်ကျကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကို လှည့်လည်သွားရောက် နေကြရသဖြင့် ကျန်းမာရေးဝန် ဆောင်မှုလုံလောက်မှုမရှိကြပါ။ အရေးပေါ်လိုအပ်ပါက သားဖွား ဆရာမကို ဖုန်းဆက်ခေါ်ယူကြရသည်။ နာဖျားကဲ့သို့သောအသေးအဖွဲ့ကိစ္စရပ်များနှင့် မီးဖွားခြင်း တို့ကို လုပ်ဆောင်နိုင်သော်လည်း ထိုအတွက် ဆေးဝါးလုံလောက်မှုမရှိပါ ။ ဆေးခန်းသုံး ပရိဘောဂနှင့် ပစ္စည်းများလုံလောက်မှုမရှိပါ။ အရေးပေါ်ကိစ္စဖြစ်ပါက ၁.၆ ကီလိုမီတာသာ ဝေးသော လွှဲကော်ဆေးရုံသို့ သွားရောက်ကုသကြသည်။

တစ်ရွာလုံး **သောက်ရေအတွက်** ရေတွင်း ၂၁၁ တွင်း၊ အဝီစိတွင်း ၁၇၀ တွင်း ရှိသည်။ ကျေးရွာရှိ အိမ်ထောင်အများစုမှာ ရေတွင်းများရှိကြသော်လည်း နွေရာသီတွင် ရေရှားပါးမှု ကြုံရသည်။ အဝီစိတွင်းများမှသာ ရေရရှိသော်လည်း ရရှိမှုနည်းသည်။ အဝီစိတွင်း အများစုမှာ နွေရာသီတွင် ရေခမ်းခြောက်ကြသည်။ ရေတွင်းကို အနက် ၂၀၀ ခန့် တူးပါက ရေရနိုင်သော်လည်း ကုန်ကျမှုလည်း မတတ်နိုင်ကြပါ။ လူအင်အားဖြင့် တူးဖော်ရန် လည်း မတတ်နိုင်ကြပါ။

ကျေးရွာတွင် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာအသုံးပြုကြသည်။ အိမ်ထောင်စုပေါင်း (၃၅၇) တွင် ယူအင်န်ဒီပီ၏ ပံ့ပိုးမှုဖြင့် အိမ်ထောင်(၃၃၂)သည် ယင်လုံအိမ်သာကို သုံးစွဲကြသည်။ ကျင်းအိမ်သာ ၅ အိမ် နှင့် တောထိုင် ၆ ဦးမှာ ယခုမှ အိမ်ထောင်ခွဲသူများဖြစ်ပြီး အိမ်သာစရိတ် မတတ်နိုင်ကြပါ။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု** - သီးခြားအစီအစဉ်မရှိသော်လည်း အိမ်တိုင်းနီးပါး ရုပ်မြင်သံကြားရှိကြသည်။ လျှပ်စစ်မီးရရှိသောကြောင့် TV များအိမ်တိုင်းရှိပြီး သတင်းအချက် အလက် နည်းပညာ လက်လှမ်းမှီကြသည်။ လူငယ်ရိပ်သာ ဆောက်လုပ်နေဆဲဖြစ်သည်။ ငွေကြေး မတတ်နိုင်သောကြောင့် ပြီးစီအောင်ဆောက် လုပ်နိုင်ခြင်း မရှိသေးပါ။ လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ တက်ကြွစွာဆောင်ရွက်ပေးကြသည်။ ဘာသာရေးပွဲများတွင်လည်း ဝန်ဆောင်မှုများ ပေးသည့်အပြင် ဝါတွင်းကာလတွင် လူငယ်များ ဥပုပ်နေ့တိုင်း ဝတ်ရွတ်ကြသည်။ ကျေရွာအားကစား ကွင်းရှိသော်လည်း အားကစားပစ္စည်း မရှိကြပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း စေတနာ့ အကျိုးဆောင်အဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်သည်။ ရိုးရာအကများကို ထိန်းသိမ်းပြီး နှစ်စဉ် ကယားနှစ်သစ်ကူးတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ စာအုပ်စာပေများ လေ့လာဖတ်ရှုကြပြီး စာကြည့်တိုက်တွင် စာအုပ်စာပေများ မပြည့်စုံပါ။ ဖြည့်တင်းရန် လိုအပ်သည်။

**(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး** - ကျေးရွာတွင် အရှည် ၂၀ ပေ၊ အကျယ် ၁၂ ပေရှိ တံတာတစင်းသာရှိပြီး ယူအင်န်ဒီပီ၏ ပံ့ပိုးမှုဖြင့် ဆောက်လုပ် ထားခြင်းဖြစ်သည်။ ဘီလူးချောင်းဘေးလယ်ပိုင်ရှင်များသည် သီးနှံများကိုစက်လှေဖြင့် ၆.၄ ကီလိုမီတာဝေးသော မိုးဗြဲနှင့် ၁.၆ ကီလိုမီတာ ဝေးသော လွိုင်ကော်သို့ ပို့သည်။ စက်လှေကို ဘီလူးချောင်းဘေးရွာများမှ အခပေးငှားသည်။ ရွာတွင် စက်လှေ ၁ စင်း၊ ဆိုင်ကယ် (၃၇၄) စီးမှာကိုယ်ပိုင်များဖြစ်သည်။ ဘတ်စ်ကား (၂) စီး၊ မြင်းလှည်း ၁ စီး၊ သုံးဘီး ဆိုင်ကယ် ၆၉ စီးနှင့် စက်လှေ ၁ စီးမှာ သီးနှံများသယ်ယူရန်အတွက် အဓိက လုပ်ကိုင်ကြပြီး ကိုယ်ပိုင်ယာဉ်များဖြစ်သည်။ မြို့နဲ့နီးပြီးလမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ အချိန်မရွေး သွားလာနိုင်သည်။ ကျေးရွာတွင် လျှပ်စစ်မီးကို (၃၁၉) အိမ်မှ မီတာတပ်ဆင် အသုံးပြုလျက် ရှိကြသည်။ ဆင်းရဲအိမ်ထောင်စု ၃၂ နှင့် ဆိုလာသုံးသူ ၆ ဦး စုစုပေါင်း ၃၈ ဦးမီးရရှိရန် ကျန်ရှိ သေးသည်။ ဆင်းရဲသောကြောင့် မီးကြိုး မီးတိုင်မတတ်နိုင်ကြပါ။ ကျေးရွာလူထုသည် တယ်လီဖုန်း (၄၂၀) လုံး၊ ရေဒီယို (၆၇) လုံး၊ ရုပ်မြင် သံကြား (၂၈၉) လုံးရှိ သည်။ အင်တာနက်သီးသန့်မချိတ်ပါ။ ဖုန်းနှင့် အင်တာနက်သုံးကြသည်။ MPT " Telenor _ Ooredoo network နှင့် အဆင်ပြေစွာ ချိတ်ဆက်နိုင်သည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး**

ကျေးရွာတွင်ဆက်သွယ်ရေး (ဖုန်းလိုင်း) ကောင်းမွန်ပါသည်။ (Telenor, Ooredoo ဖုန်းလိုင်းများ ကောင်းမွန်ပါသည်)။ လွိုက်ကော်ရဲစခန်းနှင့်ချိတ်ဆက်မှုရှိသည်။ ကျေးရွာတွင် ခိုးမှုများ တစ်ခါတစ်ရံသာဖြစ်လေ့ရှိပြီး ရဲစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်သည်။ အသက်အာမခံ ထားရန် ရွာသူ/သားများ စိတ်ဝင်စားမှုမရှိပါ။ အစိုးရပန်ထမ်းများသာ အသက်အာမခံရှိကြသည်။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများလည်း မထားကြပါ။ အရေးကြီးကြောင်းလည်း သတိမမူမိ ကြပါ။ မီးသတ်အဖွဲ့ရှိသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ထေးငှားလျားကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၅၈၂) ဦးနှင့် မ (၅၈၅) ဦး၊ စုစုပေါင်း(၁၁၆၇) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၂.၃%) ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ (၅၇) ဦး၊ တက္ကသိုလ်တက်ရောက်နေသူ (၃၂) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၇၀)ဦးစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူစွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ ကျေးရွာတွင် လက်ရှိလူမှုရေးအဖွဲ့ ၁၃ ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်မှာလည်းအားရဖွယ် ဖြစ်ပါသည်။

လယ်မြေအားလုံး မှာ မိုးဇြဲဆည်ရေသောက်ဖြစ်ပြီး လယ်ဧက(၁၀၀၀) ဧကနီးပါးကို မိုးရာသီတွင် စိုက်ပျိုးရေပေးနိုင်ပါသည်။ ဘီလူးချောင်းနှင့် သဖန်းချောင်းတို့မှ ရေမြောင်းသွယ်နိုင်မည်ဆိုလျှင် ယာမြေဧက ၆၀၀ကျော်ပါ သွင်းရေရရှိနိုင်ပါသည်။ ထို့အပြင် ငါးမွေးလုပ်ငန်းကိုလည်း လုပ်ကိုင်နိုင်ကြပါမည်။

ကျေးရွာသည် ပြည်နယ်မြို့တော် လွယ်ကော်နှင့် နီးပြီးရွာမှမြို့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဝန်ဆောင်မှုဈေးကွက်နှင့် လုပ်သားဈေးကွက်များသို့ လက်လှမ်းမီမှု ကောင်းမွန်ပါသည်။

### (ခ) အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ထေးငှားလျားကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများ ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်းစသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ထေးငှားလျားကျေးရွာ သီးနှံထုတ်လုပ်မှုနည်းနေရခြင်းမှာ လယ်မြေများတွင် မိုးဇြဲဆည်မှ မိုးရာသီတွင် မိုးစပါး တသီးစားအတွက်သာ ဆည်ရေရရှိပြီး နွေရာသီတွင် စိုက်ပျိုးရေမရနိုင်ပါ။ မိုးတွင်းဆည်ရေကိုလည်း မိုးခေါင်ပါက အချိန်မီ ဆည်ရေမရသောကြောင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်း မရှိပါ။ မိုးကောင်းသောက်လယ် ဧက ၆၀၀ မှာလည်း မိုးခေါင်ပါက လယ်စပါး စိုက်ပျိုးနိုင်ခြင်းမရှိ။ ရွာသွန်းသော မိုးရေနှင့် သင့်တော်သော သီးနှံကိုလည်း လယ်မြေအဖြစ် သတ်မှတ်ထားသောကြောင့် စိုက်ပျိုးခွင့် မရကြပါ။ အကယ်၍ သဖန်ချောင်းမှ ရေလှောင်တမံ တည်ဆောက်နိုင်ပါက

လမ်းတလျှောက် အခြားရွာများအပါအဝင် ထေးငှားလျားရွာမှ မိုးကောင်းသောက် လယ်များလည် အောင်မြင်စွာစိုက်ပျိုးလာနိုင်မည်။ ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် မိုးရွာသွန်းမှု နောက်ကျခြင်း၊ မိုးခေါင်ခြင်း၊ မိုးရေလုံလောက်မှုမရှိခြင်းတို့ နှစ်စဉ်ကြုံရသည်။

စိုက်ဘဏ်မှ ချေးငွေလုံလောက်မှုမရှိ။ ကာလတိုချေးငွေသာဖြစ်နေသည်။ စိုက်ပျိုးရေး အတွက် စိုက်ဘဏ်၊ သမများမှချေးငွေရရှိသော်လည်း အချိန်မှီမရ၊ မြစိမ်းရောင်ချေးငွေ ရရှိနေပြီ ဖြစ်သော်လည်း ယခုမှ စတင်နေကြခြင်းဖြစ်သည်။ စိုက်ဘဏ်နှင့် သမဝါယမမှ ချေးငွေအချိန်မီနှင့် အလုံအလောက်မရနိုင်သောကြောင့် တောင်သူများမှာ စိုက်ချိန်မီရန် ပြင်ပ (သို့မဟုတ်) ပွဲရုံမှ အတိုး နှုန်းမြင့်စွာဖြင့် ငွေချေးရသည်။ စိုက်ဘဏ်နှင့် သမဝါယမမှ ချေးငွေရပြီးပါက ပြင်ပချေးငွေကို ပြန်ဆပ်ရသည်။ ပြန်ဆပ်ချိန်ကိုလည်း ဖိလ (ဇန္နဝါရီလ)တွင် မဖြစ်မနေပြန်ဆပ်ကြရသဖြင့် ၎င်းအချိန်သည် သီးနှံပေါ်စအချိန်ဖြစ်သောကြောင့် တောင်သူများ သီးနှံ ဈေး ကောင်းမစောင့်နိုင်ဘဲ သီးနှံကို အမြန်ဆုံးရောင်းချပြီး ပြန်ဆပ်ကြရသည်။ အကယ်၍ စိုက်ပျိုးသီးနှံ အောင်မြင်မှု မရှိပါ ကလည်း စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို မဖြစ်မနေ သတ်မှတ်ကာလတွင် ပြန်ဆပ်နိုင်ရန် ပွဲရုံများမှ ဆောင်းသီးနှံကို အပေါင်သဘောထားကာ ၅% မှ ၇% အတိုးဖြင့် ယူ၍ စိုက်ဘဏ် ချေးငွေကို ပြန်ဆပ်ကြရသည်။

အချို့ကျပန်းများ လယ်ယာလုပ်ငန်းမှ အလုပ်နှင့်ဝင်ငွေပုံမှန်မရှိခြင်း၊ လုပ်အားခနည်းခြင်း ကြောင့် လမ်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်သားရှားပါးမှု ကြုံရသည်။ မိုးခေါင်ပြီး ရာသီကို အချိန်လု စိုက်ပျိုးရသောကြောင့် လယ်ယာသုံး စက်ကိရိယာ လုံလောက်မှုမရှိ။ စိုက်ပျိုးမြေ တိုးချဲ့ရန်မရှိ။ လယ်ယာသုံးစက်ကရိယာ လုံလောက်မှု မရှိပါ။ မိုးစပါးစိုက်ရန် အချိန်လုရခြင်း၊ ခြွေလှေ့ပြီး ချက်ချင်းရောင်းရသောကြောင့် ဈေးကောင်းမရပေ။ တချို့နှစ်များတွင် ဘီလူးချောင်းမှရေကြီးနစ် မြုပ်မှုများ ကြုံတွေ့ရသည်။ ဖျက်ပိုးရောဂါများ ပြင်းထန်ဆိုးရွားစွာ ကျရောက်မှုရှိပြီး ထိရောက်စွာ နှိမ်နင်းနိုင်ခြင်းမရှိပါ။ မြန်မာ့ စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုပေးသော်လည်း လုံလောက်မှု မရှိသေးပါ။

မွေးမြူကုသရေးဆိုင်ရာ ကျွမ်းကျင်သူ ကျေးရွာတွင်မရှိ။ မွေးမြူရေးလုပ်ငန်းအတွက် သီးသန့် ချေးငွေမရှိ။ တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများမရရှိ၍ ဆုံးရှုံးမှု များရှိပါသည်။ တိမွေးကုရုံးနှင် ဆက်သွယ်မှုအားနည်းသည်။ ဆေးထိုးရန်အတွက် မြို့နှင့်အခြား ပြင်ပရွာသို့ သွားခေါ်ရသည်။ ကျေးရွာတွင် ကျွမ်းကျင်သူမရှိ။ အချိန်မမှီပါ က သေဆုံး/ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်လေ့ရှိပါသည်။ ဆေးကုသစရိတ်လည်းမြင့်သည်။ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ မွေးမြူရန် အဆက်အသွယ်မရှိ။ လက်လှမ်းမမီကြပါ။ မွေးမြူရေးတိုးချဲ့မွေးမြူရန် ချေးငွေနှင့် ထုတ်ကုန်များအတွက် ဈေးကွက်ဖွံ့ဖြိုးမှုလည်းမရှိသေးပါ။ ဆေးကုသစရိတ်လည်း မြင့်သည်။ အစာ စရိတ်မြင့်သည်။ မိမိခြံထွက်တိရိစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင် ရရန် ခက်ခဲသည်။ ဒေသတွင်းဈေးကွက်ကိုသာ မှီခိုနေရပြီး ပြင်ပသို့သယ်ယူရောင်းချရာတွင် အကန့်

အသတ်များရှိနေသည်။ စည်သွပ်စက်ရုံကဲ့သို့ ပုဂ္ဂလိကရင်းနှီးမြှပ်နှံမှုမရှိ။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှုခံရခြင်းတို့ကြောင့် မွေးမြူရေးကဏ္ဍ တိုးတက်လာစေရန်အတွက် လိုအပ်ချက်များ ရှိနေပါသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်သူများရှိသော်လည်း ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိကြပါ။ ဝင်ငွေတိုးလုပ်ငန်း များအတွက် အစိုးရစီမံကိန်းနှင့် မူဝါဒအားနည်းသည်။ အသက်မွေးဝမ်းလုပ်ငန်း ကျွမ်းကျင်မှုမရှိ။ သင်တန်းများတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်၊ အဆက်အသွယ်မရှိကြပါ။ ဈေးကွက်နှင့်နီးပြီး လမ်းပန်းဆက်သွယ်မှုကောင်းသော်လည်း ဈေးကွက်ချိတ်ဆက်မှုမရှိ။ ပုံမှန်သွားလာသည့် သယ်ယူပို့ဆောင်ရေး ယာဉ်မရှိပါ။ သတင်းအချက်အလက်ရရှိနိုင်မှု အားနည်းသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အဆက်အသွယ် အားနည်းသည်။ လက်သမား၊ ပန်းရံ စသည် လက်ရှိကျွမ်းကျင်မှုများရှိသော်လည်း အရင်းအနှီးနည်းသည်။ ကျွမ်းကျင်မှု စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ငွေကြေးဝန်ဆောင်မှုအနေဖြင့် စိုက်ဘဏ်၊ သမဝါ ယမ၊မြစိမ်းရောင်အဖွဲ့များရှိသော်လည်း ကာလတိုချေးငွေများ ဖြစ်နေခြင်း၊ လိုသလောက် ချေးငွေမရနိုင်ခြင်း၊ အချိန်မီမရနိုင်ခြင်း၊ ပြင်ပ အပေါင်ဆိုင်များမှ ငွေချေးပါက အပေါင်ခံပစ္စည်းလိုအပ်ခြင်း၊ အတိုးနှုန်းမြင့်မားခြင်း စသည့် အခက်အခဲများရှိသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းသော်လည်း ပုံမှန်ပြေးဆွဲသည့် ယာဉ်မရှိသဖြင့် စင်းလုံးငှါးရမ်းအသုံးပြုရသည့်အခါ ကုန်ကျမှုများသည်။ သွားလာလိုသည်အချိန်တွင် ယဉ်များမရှိသည့် အတွက် အလွယ်တကူ ငှားရမ်းအသုံးပြုနိုင်ခြင်းမရှိ။

သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ရေအရင်းအမြစ်ရှားပါးလာခြင်း၊ မြေဆီလွှာထိန်း သိမ်းမှုအားနည်းခြင်း၊ တိရစ္ဆာန်ရောဂါများကျရောက်ခြင်းများစွာရှိသည်။ သဘာဝဘေးအန္တရာယ်လျှော့ချရေး သင်တန်းနှင့် ဗဟုသုတလည်း မရှိပါ။

ပညာရေးအနေဖြင့် ကျောင်းသားများ ပညာရေးအခြေခံနည်းခြင်းနှင့် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်သူဦးရေ သိသိသာသာ လျော့နည်းသွားရခြင်းမှာလည်း ကျေးရွာတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအထိသာရှိပြီး၊ အထက်တန်းနှင့် တက္ကသိုလ်မှာ လွှိုက်ကော်သို့ သွားရောက်တက်ရခြင်းနှင့် မိဘများ ဆင်းရဲသဖြင့် ကျောင်းဆက်မထားနိုင်သောကြောင့် ဖြစ်သည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိ၊ ဆရာနှင့်တပည့် အရေအတွက် အချိုးညီမျှမှု မရှိသေးပါ။ ကျေးရွာမူကြိုကလေးများ ရွာဓမ္မာရုံတွင် စာသင်ပေးသည်။ မူကြိုကျောင်းလိုအပ်သည်။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် တုပ်ကွေးရောဂါအဖြစ်များနေပါသည်။ ရေကြီးသောနှစ်များတွင် ရေမသန့်၍ ရောဂါ ဖြစ်ပွားမှု များသည်။

အရေးပေါ်ဖြစ်ပါက လွိုင်ကော်သို့ သွားရောက်ကုသကြရသည်။ ကျေးရွာတွင် သားဖွါး ဆရာမတဦးနှင့် ကြီးကြပ် ၁ ဦး ရှိသော်လည်း တာဝန် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကို လှည့်လည်သွားရောက်နေကြရသဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုံလောက်မှုမရှိကြပါ။ နွေရာသီတွင် ရေတွင်းများရေခမ်းသောကြောင့် သောက်ရေလုံလောက်မှုမရှိ။ ယင်လုံအိမ်သာကိုလည်း စနစ်တကျ သုံးစွဲနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာဗဟုသုတများလည်း အားနည်းနေသေးသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ အသက်မွေးအတတ်ပညာလည်းအားနည်းပြီး အလုပ်အကိုင်အခွင့်အလမ်း အားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ မိုဘိုင်းဖုန်းကို သတင်း၊ မီဒီယာနှင့် ပညာလေ့လာသင်ယူရန်အတွက် အသုံးပြုလေ့ မရှိကြသေးပါ။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ထောင်ဒေသကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက် ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောဲအထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေး ဖော်ထုတ် ထားခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်း စွမ်းရည်တိုးတက်ရေးနှင့် လူမှုအခြေခံအဆောက်အဦးများလက်လှမ်းမီမှု ဖွံ့ဖြိုးတိုးတက် စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) သီးနှံထုတ်လုပ်မှုတိုးတက်ကောင်းမွန်လာခြင်း၊ တိရိစ္ဆာန်မွေးမြူရေးတိုးတက်လာခြင်းနှင့် အခြားဝင်ငွေရလုပ်ငန်းများအား လက်လှမ်းမီမှုတိုးတက်လာပြီး ကျေးရွာလူထု၏ ဝင်ငွေတိုးလာ ရမည်။

(၂) ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ စသည်တို့ ဆိုင်ရာအခြေခံလူမှု အဆောက် အဦးများအားလက်လှမ်းမီမှု ပိုမိုကောင်းမွန်လာခြင်းဖြင့် ကျေးရွာလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက် ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရ ဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှ နည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့၊ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ကျေးရွာတွင် လက်ရှိလျပ်စစ် ခါတ်မီးတိုင်နှင့် ခါတ်ကြိုးများမှာ ဟောင်းနွမ်းနေပြီး ဆက်သုံးရန် မသင့်တော်တော့ပါ။ ထို့ကြောင့် လျပ်စစ်မီးအန္တရာယ် ကင်းရှင်းရန် ခါတ်တိုင်နှင့် ခါတ်ကြိုး သစ်များ လဲလှယ်တပ်ဆင် ခြင်းနှင့် ဆင်းရဲအိမ်များရပ်ကွက်သို့လည်း ခါတ်တိုင်၊ ခါတ်ကြိုး တိုးချဲ့နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက မီးလင်းရေးလုပ်ငန်းအကောင်ထည်ဖော်ရေးအဖွဲ့အား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(၃) ကျေးရွာတွင် လယ် (၁၀၁၅) ဧကမှာ ဘီလူးချောင်းဘေးတွင်တည်ရှိပြီး မိုးဇြဲဆည်ရေနှင့် မိုးရေကိုသာ အားကိုး စိုက်ပျိုးနေကြရသည်။ မိုးကောင်းသောက်လယ် ၆၀၀ ဧကမှာလည်း မိုးရေကိုသာ အားကိုးနေရပြီး ရာသီဥတုဖေါက်ပြန်ခြင်းနှင့် မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးရေ လုံလောက်မှု မရှိပါ။ ထို့ကြောင့် ဘီလူးချောင်းမှ ရေမြောင်းနှင့် သဖန်းချောင်းရေတမံတို့ကို ဆောက်လုပ်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပြီး မြို့နယ်ဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။

(၄) ကျေးရွာတွင် သောက်သုံးရေတွင်း များစွာတူးဖော်ထားသော်လည်း မြေအောက်ရေဆုတ်ယုတ်လာသည့်အတွက် နွေရာသီတွင် ရေခန်းခြောက်လာပါသည်။ အဝီစိတွင်းများကို ပို၍ နက်ရှိုင်းစွာ တူးဖော်ပြီး လျှပ်စစ်မော်တာဖြင့် ရေတင်ခြင်း၊ မြေအောက်ရေရရှိရန် လွယ်ကူသောနေရာများတွင် သောက်သုံးရေသန့်များ ထုတ်လုပ်ရောင်းချသည့်စနစ်များ ဖြစ်ပေါ်ရေးတို့အတွက် မြို့နယ် သက်ဆိုင်ရာဌာနထံမှ နည်းပညာ အကူအညီတောင်းခံခြင်းတို့ကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဆောင်ရွက်ပါမည်။ ထိုနည်းတူစွာပင် ကျေးရွာတွင်းလမ်းများကို တန့်စပတ်လုံး ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြုပြင်ကြပါမည်။

ကျေးရွာ၏ အခြေခံလူမှုအဆောက်အဦးများ တိုးတက်ကောင်းမွန်လာရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏ အကူအညီ၊ ကျေးရွာလူထု၏ ထည့်ဝင်မှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ ဟောင်းနွမ်း၍ အကျယ်အဝန်းမလုံလောက်တော့သော ကျေးရွာစာသင်ကျောင်းအား အသစ်ဆောက်လုပ်ခြင်း၊ မိုးတွင်း၌ သွားလာရခက်ခဲသော ကျေးရွာတွင်းလမ်းအား ကျေးလက်ဦးစီးဌာနထံ အကူအညီတောင်း၍ အဆင့်မြှင့်တင်ခြင်း၊ နွေရာသီတွင် သောက်သုံးရေမလုံလောက်မှုပြဿနာ ဖြေရှင်းနိုင်ရေးအတွက် သောက်သုံးရေရရှိရေး စီမံချက်များရေးဆွဲအကောင်ထည်ဖော်ခြင်းတို့ဖြစ်ပါသည်။

(၅) ကျေးရွာလူထုအတွက် ကျေးရွာအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး ရံပုံငွေတစ်ရပ်ရှိပါက ဆင်းရဲသားများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လှည့်ပတ်ရံပုံငွေအဖြစ် လိုအပ်သည့်အချိန်တွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူ၍ ဝင်ငွေတိုးလုပ်ငန်းများကို အကောင်အထည်ဖေါ် လုပ်ကိုင်နိုင်မည်။ ထို့ကြောင့် လက်ရှိလိုအပ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊

ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အရင်းအတိုးကို မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(၆) ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများ၊ ၎င်းတို့အတွက် လိုအပ်သောသွင်းအားစုဈေးကွက် လက်လှမ်းမီရေး အစီအစဉ်များ၊ ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများ ဖန်တီးနိုင်ရေး စသည်တို့အတွက် နည်းပညာနှင့် ဖွံ့ဖြိုးရေးအကူအညီများကို မြို့နယ်အဆင့်အဖွဲ့အစည်းများထံမှ ရရှိရေးကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်၍ အကောင်ထည်ဖော်သွားမည်ဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ထေးငှားလျားကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသော ကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလ

ရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) **အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း** ထေးငှားလျားကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုး၊ မွေးမြူရေး ကုန်ကြမ်းများထွက်ရှိသော အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများ ကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စည်သွပ်စက်ရုံများ တည်ထောင်ခြင်းဖြင့် ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့် အလမ်း များ ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများများပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များ အဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ် ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူ ပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါ သည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါ သည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေ ဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ် လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

**(က) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (၁၁) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ် ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက် များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

မှုံပြာကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက် |
|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး | ၁၀၀ | ၁ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | |
| **သီးနှံတိုးတက်ထုတ်လုပ်ခြင်း** | ၂။ သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီရန်ဆောင်ရွက်ခြင်း | ၆၄ | ၇ | • မြေဆီလွှာထိန်းသိမ်းနည်းသင်တန်း<br>• စိုက်ပျိုးရေးသင်တန်း<br>• သဖန်းချောင်း ရေလျှောင်တမံ ဆောက်လုပ်ခြင်း<br>• ဘီလူးချောင်းမှ စိုက်ပျိုးရေသွယ်ခြင်း |
| ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| | ၃။ တိရစ္ဆာန်မွေးမြူရေး တိုးမြှင့် ဆောင်ရွက်ခြင်း | ၈၆ | ၅ | • တိမွေးကုသင်တန်း<br>• မွေးမြူရေး (ဒေသကြက်၊ ဝက်၊ ငါး စသည်)<br>• တိရိစ္ဆာန်ဆေးဝါး |

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ် | | အဆင့် | စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက် |
|---|---|---|---|---|---|
| ***အခြား ဝင်ငွေရ လုပ်ငန်းများ*** | | | | | |
| | ၄။အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။ | ၈၂ | ၆ | | • အင်္ဂလိပ်စာ-ကွန်ပျူတာသင်တန်း<br>• အိမ်တွင်းမှု လက်မှု သင်တန်း<br>• ပန်းရံလက်သမားသင်တန်း<br>• ဂပ်ရော့စက်ပြင်သင်တန်း<br>• သုံးဘီးတက္ကစီ<br>• ဆံပင်ညှပ်ဆိုင် |
| ***ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |
| **ချေးငွေ လက်လှမ်းမီရေး** | ၅။ လုံလောက်သောချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၈၉ | ၄ | | • အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း<br>• ကျေးရွာရံပုံငွေကြေးအရင်းအနှီးထူထောင်ခြင်း |
| ***ပညာရေး*** | | | | | |
| | ၆။ပညာရေးအခြေခံအဆောက်အဦးများ ကောင်းမွန်တိုးတက်အောင်ဆောင်ရွက်ခြင်း | ၅၂ | ၅ | | • စာသင်ကျောင်းအိမ်သာ<br>• စာကြည့်တိုက်ပြန်လည်ထူထောင်ခြင်း |
| ***ကျန်းမာရေး*** | | | | | |
| | ၇။ ကျေးရွာလူထု၏ အခြေခံကျန်းမာရေးအသိမြင့်မားရန်နှင့် ရေကောင်းရေသန့် ရရှိရန်ဆောင်ရွက်ခြင်း | ၉၃ | ၃ | | • ရေတွင်းဟောင်းများပြုပြင်ခြင်း<br>• ကျန်းမာရေးအသိပညာပေးသင်တန်း |

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက် |
|---|---|---|---|---|
| ***လမ်းပန်း ဆက်သွယ်ရေး*** | | | | |
| **လမ်း၊ တံတား** | ၈။ လမ်းတံတားအခြေခံအဆောက်အဦးများ | ၉၃ | ၃ | • ရွာတွင်းလမ်းပြုပြင်ခြင်း |
| **ကောင်း မွန်** | တိုးတက်လာစေရေး | | | |
| **လာစေရေး** | | | | |
| **<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>** | | | | |
| | ၉။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ | ၆၃ | ၈ | • လူငယ်တီးဝိုင်း |
| | သင်တန်းများ | | | • လူငယ်ရိုပ်သာ |
| ***လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး*** | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၁၀။ ကျေးရွာမီးလင်းရေး | ၉၇ | ၂ | • လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက်မီးကြိုးနှင့်မီးတိုင်များလဲခြင်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း | ဦးစား ပေး အဆင့် | ကာလ | | | | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | |
| ၁ | အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး | ၁ | √ | √ | | | | |
| ၂ | ကျေးရွာမီးလင်းရေး | ၂ | √ | √ | | | | |
| ၃ | လမ်းတံတားအခြေခံအဆောက်အဦး များ တိုးတက်လာစေရေး | ၃ | | √ | √ | | | |
| ၄ | ကျေးရွာလူထု၏ အခြေခံ ကျန်းမာရေး အသိမြင့်မားရန်နှင့် ရေကောင်းရေသန့် ရရှိရန်ဆောင်ရွက်ခြင်း | ၃ | √ | √ | √ | | | |
| ၅ | လုံလောက်သောချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များ နှင့် ချိတ်ဆက်ရေး | ၄ | √ | √ | √ | √ | √ | |
| ၆ | ပညာရေးအခြေခံအဆောက်အဦးများ ကောင်းမွန်တိုးတက်အောင်ဆောင်ရွက် ခြင်း | ၅ | | √ | √ | | | |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းဖန်တီးခြင်း | ၆ | | √ | √ | √ | √ | |
| ၈ | သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီရန်ဆောင်ရွက်ခြင်း | ၇ | √ | √ | √ | √ | √ | |
| ၉ | လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ သင်တန်းများ | ၈ | √ | √ | √ | √ | √ | |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ်အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှနည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံကိန်း | ရန်ပုံငွေ | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံမှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး | | | | √ | |
| ၂ | ကျေးရွာမီးလင်းရေး | | | √ | | |
| ၃ | လမ်းတံတားအခြေခံအဆောက်အဦးများ တိုးတက်လာစေရေး | | | √ | | |
| ၄ | ကျေးရွာလူထု၏အခြေခံကျန်းမာရေးအသိမြင့်မားရန်နှင့်ရောဂါကင်းရှင်းရန် ရရှိရန်ဆောင်ရွက်ခြင်း | | | √ | √ | |
| ၅ | လုံလောက်သောချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | √ | √ | |
| ၆ | ပညာရေးအခြေခံအဆောက်အဦးများ ကောင်းမွန်တိုးတက်အောင်ဆောင်ရွက်ခြင်း | | √ | | | |
| ၇ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးခြင်း | | √ | √ | | |
| ၈ | သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီရန်ဆောင်ရွက်ခြင်း | | | | √ | |
| ၉ | လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ သင်တန်းများ | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သ မားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ် မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ် ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ် သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ထေးငှားလျားကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ် စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက် မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲ

နှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါ မည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ် တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများ ထံမှ လိုအပ်မည်ဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ**

**၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) ထေးငှားလျားကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း % | ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| **၁ နှစ်အောက်** | ၁၅ | ၅ | ၂၀ | ၁.၂% | နို့စို့အရွယ် |
| **၁ နှစ်မှ ၅နှစ်** | ၄၄ | ၄၇ | ၉၁ | ၅.၆% | ၅နှစ်အောက်ကလေးငယ် |
| **၅ နှစ်မှ ၉နှစ်** | ၆၄ | ၇၇ | ၁၄၁ | ၈.၇% | မူလတန်းကျောင်းသားအရွယ် |
| **၁၀ နှစ်မှ ၁၄နှစ်** | ၆၇ | ၈၇ | ၁၅၄ | ၉.၅% | အလယ်တန်းကျောင်းသားအရွယ် |
| **၁၅ နှစ်မှ ၆၀ နှစ်** | ၅၈၂ | ၅၈၅ | ၁၁၆၇ | ၇၂.၃% | အလုပ်လုပ်နိုင်သည့်အရွယ် |
| **၆၀ နှစ် နှင့်အထက်** | ၁၆ | ၂၄ | ၄၀ | ၂.၅% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | ၇၈၈ | ၈၂၅ | ၁၆၁၃ | ၁၀၀% | |
| **အိမ်ထောင်စုပေါင်း** | | | ၃၅၇ | | |
| **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ** | | | ၄.၅၂ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅) ရက်နေ့တွင်ကောက်ယူထားခြင်းဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ ပျမ်းမျှအိမ်ထောင်စု လူဦးရေမှာ (၄.၅၂) ဖြစ်သည်။

၂။ အလုပ်လုပ်နိုင်သူ ဦးရေမှာ ၁၁၆၇ ဦး (၇၂%) ရှိသည်ကိုတွေ့ရသည်။ ၎င်းအနက် အမျိုးသမီး အလုပ် လုပ်နိုင်သူဦးရေမှာ အမျိုးသားအလုပ်လုပ်နိုင်သူဦးရေထက် ၀.၂၆% ပိုသည်ကို တွေ့ရသည်။ ကျေးရွာရှိ လူဦးရေနှင့် နှိုင်းယှဉ်လျှင် အလုပ်လုပ်နိုင်သူဦးရေမှာ များသော်လည်း မိသားစုအများစုမှာ ဆင်းရဲသည်နေ သည်ကို လည်း တွေ့ရသည်။

## ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) **ထေးငှားလျားကျေးရွာ၏ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကအလုပ်အကိုင် | | တွဲဖက် လုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | **စိုက်ပျိုးရေးလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၅၈ | ၇၂.၃% | | လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ဆောင်သည့် အိမ်ထောင်စုများ ဖြစ်သည်။ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၇၇ | ၂၁.၆% | | အားလုံးမြေယာမဲ့များဖြစ်သည်။ |
| | မိသားစုဝင်လုပ်အား | | | ၅၁၆ | |
| ၂ | **မွေးမြူရေးလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၄ | ၃.၉ | ၂၅၈ | ၂၅၈ အိမ်ထောင်မှာတောင်သူများ ဖြစ်ပြီးတိရိစ္ဆာန်မွေးမြူရေးပူးတွဲ လုပ်သည်။ ၁၄ အိမ်ထောင်မှာ မွေးမြူရေး သီးသန့်အသက်မွေး သူများဖြစ်သည်။ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၃ | **ငါးလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၄ | **ခါတ်သတ္တူနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၅ | **ကုန်ထုတ်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | | | ၃ အိမ်ထောင်မှာ ဆန်စက်ကို စိုက် ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်လုပ် ကိုင် ကြသည်။ |
| | လုပ်သား(အငှား၊ဝန်ထမ်း | | | | |
| | နေစားလုပ်သား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကအလုပ်အကိုင် | | တွဲဖက် လုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၆ | **လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၇ | **ဆောက်လုပ်ရေးလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁.၁% | | ပန်းရံလုပ်ငန်းဖြင့် အသက်မွေး သူများ ဖြစ်ကြသည်။ |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၈ | **လက်လီလက်ကား အရောင်းအဝယ်၊ စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်၊)၊ အိမ်သုံးပစ္စည်းအရောင်းဆိုင်** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၃% | ၁၉ | ၁ ဦးမှာ စိုက်ပျိုးရေး အရောင်း အဝယ်ကို အဓိကလုပ်ကိုင် ကြသည်။ ၁ အိမ်မှာ ဆိုင်ကယ်ပြင်ဆိုင်၊ ကျန် ၁၈ အိမ်မှာ အိမ်ဈေးဆိုင်များဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၉ | **ဟိုတယ် နှင့် စားသောက်ဆိုင်များ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၁၀ | **သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ကုန်သိုလှောင်ခြင်း၊** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၆၆ | သုံးဘီးဆိုင်ကယ်မောင်းသူ၊ ဆိုင်ကယ်တက္ကစီနှင့် ထော်လာဂျီ မောင်း သူများဖြစ်သည်။ ၎င်းတို့မှာ စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကအလုပ်အကိုင် | | တွဲဖက် လုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁၁ | **ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၁၂ | **အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၁၃ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၇၈ | အစိုးရဝန်ထမ်းများဖြစ်ပြီး ၎င်းတို့ မိသားစု၏ အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေးဖြစ်သည်။ |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၁၄ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၁၅ | **ကျန်းမာရေး နှင့် လူမှုရေးလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| ၁၆ | **အင်္ဂားလိုက်ကျပန်းလုပ်သားများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အင်္ဂား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကအလုပ်အကိုင် | | တွဲဖက် လုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁၇ | **ယူအင်(န်)၊နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားပြင်ပ အဖွဲ့အစည်းများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင်လုပ်အား | | | | |
| | **စုစုပေါင်း** | ၃၅၇ | ၁၀၀% | ၉၃၇ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆန်စက်၊ ကန်ထရိုက်တာ၊ ပန်းရံလုပ်ငန်းနှင့် မြေယာမဲ့များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ငန်းများသည် ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည်။

၂။ကျေးရွာတွင်မြေယာမဲ့ကျပန်းသမားဦးရေ ၇၇ ရှိပြီး ၂၁.၆% ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းခွင်၊ မွေးမြူရေးနှင့် အခြား ပန်းရံ၊ တက္ကစီမောင်း၊ စျေးရောင်းစသဖြင့် လုပ်ငန်းမျိုးစုံဖြင့် အသက်မွေးကြသည်။

၃။ အထက်ပါဇယားတွင် လုပ်သားအင်အားမှာ ၉၃၇ ဖြစ်ပြီး အိမ်ထောင်စုအရေအတွက်ထက် ပိုများနေရခြင်းမှာ တအိမ်ထောင်ချင်းစီမှ မိသားစုဝင် တဦးထက်ပို၍ မိသားစုဝင်ငွေနှင့် စားဝတ် နေရေးအတွက် အလုပ်လုပ် ကြရ သောကြောင့် ဖြစ်သည်။

၄။ လယ်ယာစိုက်ချိန် ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ်(ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၀၁၅ | သင့် | အနည်းအကျဉ်း | မိုးဖြဲဆည်မှလယ်ဧက(၁၀၀၀)ကိုမိုးရာသီတွင်ရေပေးနိုင်ပါသည် |
| ယာမြေ | ၆၀၀ | သင့် | မရ | မိုးရေကိုသား အားကိုးကြရသည်။ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ်(ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၄ | သင့် | မရ | မိုးရေကိုသား အားကိုးကြရသည်။ |
| အိမ်ခြံဝင်းစိုက်ခင်း | - | | | |
| ရွှေပြောင်းတောင်ယာ | - | သင့် | မရ | အိမ်ဝန်းအတွင်းတွင်အနည်းအကျဉ်းသာစိုက်သည်။ |
| ကိုင်း/ကျွန်းမြေ | - | - | - | |
| စားကျက်မြေ | - | - | - | |
| ပလပ်မြေ | - | - | - | |
| သစ်တောမြေ | - | - | - | |
| စုစုပေါင်း | - | - | - | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ လယ်ပိုင်တောင်သူမှာ ၂၅၈ ဦးခန့်နှင့် ဆည်ရေသောက်လယ် (၁၀၁၅) ဧက၊ မိုးကောင်းသောက်လယ် (၆၀၀) ဧကခန့်နှင့် ယာ (၄) ဧက၊ စုစုပေါင်း ၁၆၁၉ ဧကရှိပြီး တောင်သူတဦးပျမ်းမျှလယ်မြေ (၆.၃) ဧက ပိုင် ဆိုင်သည်။

၂။လယ်မြေအားလုံးမှာ မိုးခြဲဆည်ရေသောက်ဖြစ်ပြီး လယ်ဧက(၁၀၀၀) ဧကနီးပါးကိုမိုးရာသီတွင်စိုက်ပျိုးရေပေး နိုင်ပါသည်။ နွေရာသီတွင်စိုက်ပျိုးရေမရရှိနိုင်ပါ။

၃။မိုးကောင်းသောက်လယ်မှာ မိုးရေလုံလောက်မှသာ စိုက်ပျိုးနိုင်ပြီး မိုးရေနည်းသောနှစ်များတွင် လယ်မ စိုက်နိုင် ပါ ။

### ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ။ | ရရှိရန်အရင်းအမြစ်မရှိ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ခါတ်သတ္တု(ကျောက်၊ သဲ) | မရှိ။ | |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရိစ္ဆာန်မျိုးစိတ်များ | သင့်။ | လယ်ကွင်းများ၊ လယ်ကန်ဧင်းဘေးများမှ ငါးရှဉ့်၊ ပုဇွန်၊ ဂဏန်း၊ စသည်များကို ရရှိနိုင်ပါသည် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့်။ | ထိကရုံးပင်၊ ဆေးပုလဲပင်များကို ကျေးရွာတွင်း ရရှိနိုင်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ ထေးငှားလျားကျေးရွာတွင် လယ်ကွင်းများ၊ လယ်ကန်ဧင်းဘေးများမှ ငါးမျိုးစုံရရှိနိုင်ပါသည်။ သဘာဝအလျောက်ဆေးဘက်ဝင်အပင်များလည်း ရရှိနိုင်ပါသည်။(ဆေးပုလဲပင်၊ထိကရုံးပင်)

## ၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀-၅ဧက | ၅-၂ ဧက | ၂-၁ ဧက | မရှိ |
| အိမ်အခြေအနေ | သွပ်မိုး၊ကွန်ကရစ်ခင်း၊ကွန်ကရစ်ကာ | သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း | သွပ်မိုး၊ဝါးထရံကာ၊ကြမ်းခင်း၊ | အင်ဖက်မိုး၊ ထရံကာ၊ကြမ်းခင်း |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ထော်လာဂျီ၊စပါးရိတ်စက်၊ခြွေလှေ့စက် | လက်တွန်းထွန်စက်၊ထော်လာဂျီ၊ရေစုတ်စက်၊ | ပေါက်ပြား၊တံခွေး၊ | ပေါက်ပြားတံခွေး၊ |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု | ရေစုတ်စက်၊ဆိုင်ကယ် ၂-၃ စီး၊ Sky Net, TV, ဖုန်း၊ ကား၊ရေခဲသေတ္တာ၊ | တီဗွီ၊အပ်ချုပ်စက်၊ ဖုန်း၊ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ 5 Network | ဆိုင်ကယ်၊စက်ဘီး၊ဖုန်း၊ခေါက်တီဗွီ၊ ရေဒီယို | စက်ဘီး၊ ဖုန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်မှု | နွား(၁၅)ကောင်၊ ဝက်(၃)ကောင်၊ ကြက်(၁၀)ကောင် | နွား(၂)ကောင်၊ ဝက်(၁-၂)ကောင်၊ ဥစားကြက်၊ အသားစားကြက် | ဝက်(၁)ကောင်၊ ကြက်(၃)ကောင် | ဝက်(၁-၂)ကောင်၊ ကြက်(၁)ကောင် |
| **အိမ်ထောင်စုပေါင်း ၃၅၇** | ၂ (၀.၆%) | ၃၂ (၉%) | ၂၀၂ (၅၆.၆%) | ၁၂၁ (၃၃.၉%) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာ၏ ၉၀.၅% (၅၆.၆% + ၃၃.၉%) (၃၂၃) အိမ်ထောင်စုမှာ ဆင်းရဲ၍ အဆင်မပြေသော အိမ်ထောင်စု များဖြစ်ပြီး မြေယာမဲ့ကျဇန်းများ၊ တောင်သူငယ်များပါဝင်သည်။

၂။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကရိယာပိုင်ဆိုင်မှုမှာ အရေးပါ သည်ကို တွေ့ရသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၅၀ | ၄၂ | ဆန်စက်မှဆန်ချေးခြင်း၊ ကျေးရွာအတွင်းမှ ငွေ တိုးချေးရသည် |
| ၃ လနှင့် ၅ လအထိ | ၁၇၃ | ၄၈.၅ | - |
| ၆လမှ၁၂လအထိ | ၃၄ | ၉.၅ | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ၃ လအောက် ဝမ်းစာဖူလုံသူများမှာ မြေယာမဲ့ကျပန်းသမားများနှင့် တောင်သူငယ်များဖြစ် ပြီး ၁၅၀ အိမ်ထောင်စု (၄၂%) ရှိသည်။ ၎င်းတို့မှာ ဆန်စက်မှု ချေးငှားခြင်း၊ ကျေးရွာအတွင်း စျေးဆိုင် နှင့် တောင်သူကြီးများထံမှ ချေးငှါးခြင်း၊ လုပ်အားကြိုတင်ရောင်းခြင်းဖြင့် ဖြေရှင်းကြရသည်။ ကျေးရွာမိသားစု၏ ၁၇၃ အိမ်ထောင်စု ၄၈.၅% ရာခိုင်နှုန်းမှာ သီးနှံပြတ်လတ်ချိတ်တွင် တောင်သူကြီး များထံမှ အတိုးဖြင့်ချေးငှားပြီး သီးနှံပေါ်လျှင် ချက်ချင်းအမြန်ပြန်ဆပ်ကြရသည်။ နေ့စားလုပ်အားခ သို့မဟုတ် အကြွေးယူခြင်းနှင့် လုပ်အားကြိုရောင်းခြင်း၊ တပိုင်တနိုင် မွေးမြူရေးလုပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ရရာအလုပ်ကို နေ့စားလုပ်ကိုင်၍ ရရှိလာသော ဝင်ငွေများဖြင့်တစ်နေ့စာတစ်နေ့ ဝယ်စားကြသူများလည်းရှိသည်။ အလုပ်မရှိသောလများတွင် လုပ်အားခကြိုယူခြင်း၊ စျေးဆိုင်များ တွင် အကြွေးယူ၍စားသုံးရသူများလည်းရှိသည်။ ကျန် ၃၄ အိမ် (၉.၅%) သာ ၆ လနှင့်အထက် ဝမ်းစာဖူလုံကြသည်။

## ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၁ | ၀ | ၁ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | ၀ | ၂ | ၂ |
| | | **အိမ်ထောင်စုအရေအတွက်** | | |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | | ၁ |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | | ၀ |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ | | | ၀ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ ((၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ မသန်စွမ်းသူမ(၂)ဦးရှိပြီးမိသားစုမှ ဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။ နှစ်ချင်းခရစ်ယန်ကျောင်းမှလည်း မသန် စွမ်းသူများအတွက် အတန်းပညာသီးသန့်စာသင်ပေးခြင်းမျိုးရှိပါသည်။

၂။ အမျိုးသမီးဦးဆောင်ပြီးမိသားစုဦးရေများသော အိမ်ထောင်စုများမှာ စိုက်ပျိုးမြေလုံးဝမရှိပါ၊ ပုံမှန်အလုပ်မရှိသောကြောင့် ပုံမှန်ဝင်ငွေမရပါ။ စားဝက်နေရေး အဆင်မပြေပါ။

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| **စီးပွားရေး** | | | |
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများသည် ရာသီဥတုအခြေအနေဆိုး၍ ရာသီအလိုက် လုပ်ငန်းများ အဆင်မပြေလျှင်သော်၎င်း၊ စိုက်ပျိုးရေးအချိန်မီ နှင့် အလုံအလောက် မရလျှင်သော်၎င်း၊ မြေဆီဩဇာ ခမ်းခြောက်မှုကြောင့် သီးနှံအထွက်ကျဆင်းခြင်းကြောင့်၎င်း၊ သီးနှံဈေးနှုန်းကျဆင်းမှုအရသော်၎င်း စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ ရနိုင်ပါ သည်။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | မြေဩဇာ တဖြည်းဖြည်းညံ့။ ရာသီဥတုဖေါက်ပြန်မှုခံစားရ။ သစ်တောပြုန်း။ ရေခမ်းခြောက်။ |
| **ကျန်းမာရေး** | | | |
| ၃ | ဒုက္ခဖျားရောဂါ | သင့် | ခြင်ပေါသောကြောင့် ဒုက္ခဖျားရောဂါ အဖြစ်များသည်။ |
| ၄ | တီဘီရောဂါ | နိမ့် | တစ်ဦးတစ်ယောက်သာဖြစ်သည် |
| ၅ | ကိုယ်ခံအားကျဆင်းမှု ရောဂါ | နိမ့် | မရှိပါ |
| **လူမှုရေး** | | | |
| ၆ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | မရှိပါ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၇ | လူကုန်ကူးခြင်း | ဖြစ်နိုင်ခြေနည်း | ပြင်ပသို့သွားရောက် အလုပ်လုပ်သူ နှင့် ပြင်ပ နှင့် အဆက်အသွယ်အလွန်နည်းသဖြင့် လူကုန်ကူးခံရနိုင် ခြေနည်းပါသည်။ |
| ၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | ဖြစ်နိုင်ခြေနည်း | လွိုင်ကော်မြို့နှင့် နီးပြီး အသွားအလာလွယ်ကူသည်။ အချိန်မရွေး သွားလာနိုင်သည်။ |
| **ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်** | | | |
| ၉ | ရေကြီးခြင်း | များ | ၃ နှစ်ဆက်တိုက်မိုးခေါင်ခြင်းကို ခံစားရ။ ရာသီဥတုဖေါက်ပြန်။ မိုးရွာသွန်းမှုနည်း။ မိုးအဝင်နောက်ကျပြီး မိုးပြန်ထွက်ချိန်စော။ |
| ၁၀ | မိုးခေါင်ခြင်း | ဖြစ်နိုင်ခြေနည်း | ၂၀၁၁ ခုနှစ်တွင် မိုးဖြဲဆည် ရေလျှံဘူးသည်။ လယ်တွင် စိုက်ပျိုးထားသော စပါးများ ပျက် စီး ဆုံးရှုံးမှု ရှိခဲ့သည်။ |
| ၁၁ | မုန်တိုင်း | ဖြစ်နိုင်ခြေနည်း | မုန်တိုင်းအန္တရာယ် ကြုံတွေ့ရနိုင်ခြေနည်းပါးပြီး ပျက် စီး ဆုံးရှုံးမှု မကြီးမားပါ။ |
| ၁၂ | ငလျင် | ဖြစ်နိုင်ခြေနည်း | ငလျင် ကျရောက်ဘူးခြင်းမရှိ။ |
| ၁၃ | မီးဘေး | ဖြစ်နိုင်ခြေနည်း | နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။ |
| ၁၄ | ဆားငံရေဝင်မြေ | နိမ့် | မဖြစ်ဘူးပါ။ |
| ၁၅ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်း မှု | မြင့်မား | မြေဆီလွှာပြုပြင်ထိန်းသိမ်းမှု စနစ်တကျမရှိ။ |
| ၁၆ | သစ်တောပြုန်းတီးခြင်း | များ | သစ်တောခုတ်သစ်ထုပ်လုပ်၊ ရွှေပြောင်း တောင်ယာခုတ်။ ထိန်းသိမ်းမှု မရှိ။ |
| ၁၇ | အခြား (ရေတိုက်စားမှု) | ဖြစ်နိုင်ခြေနည်း | မြစ်၊ချောင်းမရှိ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ ((၁၇-၁၈-၁၉.၇.၂၀၁၅)

## လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဝမ်းစာမဖူလုံခြင်း၊ မိုးခေါင်ခြင်း၊ သဘာဝအရင်းအမြစ် ရှားပါးခြင်းတို့သည် ထိခိုက်လွယ်မှု မြင့် သည်။

## ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | သင့် | ပြင်ပ သို့ သွားရောက် အလုပ်လုပ်ကိုင်နေရသဖြင့် ကူးစက်ရောဂါ၊ မူးယစ်ဆေးစွဲခြင်းကဲ့သို့ အလွယ်တကူ ဖြစ်ပေါ်လာနိုင်သည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | ဝမ်းစာလုံလောက်မှုမရှိ။<br>ငွေအရင်းအနှီးမရှိ။<br>ကိုယ်တိုင်ရပ်တည်နိုင်စွမ်းမရှိ။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | သင့် | ပုံမှန်ဝင်ငွေမရှိ။ ကျပမ်းလုပ်ကိုင်ရ။<br>စိုက်ပျိုးရေ မလုံလောက်။ ရာသီဥတုမမှန်။<br>မြေဆီဩဇာခမ်းခြောက်။ သီးနှံအထွက်နည်း။ ဝမ်းစာဖူလုံမှုမရှိ။<br>လျော့စားရသည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက်နိုင် သောဒေသ/ ကူးစက်ရောဂါထူပြောသော<br>ဒေသတို့တွင်နေထိုင်သူများ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မရှိ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | နိမ့် | မြို့နှင့်နီးပြီးဆက်သွယ်ရေးကောင်းမွန်ပါသည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | မရှိ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိ။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | လက်ရှိမရှိပါ၊တူးဖော်ဆဲဖြစ်ပါသည်။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | အသင့်အတင့်ရှိ | အလုပ်အကိုင်ပုံမှန်မလုပ်ရသောအချိန် တွင်စား နပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့ရ၊ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | လူမျိုးရေးရာပြဿနာများမဖြစ်ပွားပါ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေသူများ | နိမ့် | ကြီးကြီးမားမားမဖြစ်ဘူးပါ။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၃ | နယ်စပ်ဒေသတွင်နေသူများ | နိမ့် | မရှိ။ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိ။ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | မရှိ။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | တစ်ဦးသာရှိ။ |
| ၁၈ | ရွှေပြောင်းလုပ်သားများ | နိမ့် | မရှိ။ |
| ၁၉ | ကားသမား | နိမ့် | မရှိ။ |
| ၂၀ | အခြား | နိမ့် | မရှိ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသားတောင်သူများ၊ ကျဖန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများ ဖြစ်သည်။

၂။ လူငယ်အုပ်စုသည်လည်း အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းနှင့် အလုပ်အကိုင်ဝင်ငွေ ရှာဖွေရခြင်းကြောင့် ထိခိုက်လွယ်မှု ခံစားရခြင်း အသင့်အတင့်ရှိသည်။

## ၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ကျောင်းအကျိုးတော် ဆောင် ကော်မတီ | ၂ | ၁၈ | ၂ | ၂၀ | ပညာရေး | ၅ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၂ | မူကြိုကျောင်း ကော်မတီ | ၂ | ၁၀ | ၃ | ၁၃ | ပညာရေး | ၄ | ၇ |
| ၃ | သမဝါယမအဖွဲ့ | ၁ | ၄ | ၀ | ၄ | ငွေချေး | ၅ | ၆ |
| ၄ | လူငယ်အဖွဲ့ | ၂ | ၂၀ | ၂၀ | ၄၀ | လူမှုရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ ငွေစု ငွေချေး | ၄ | ၇ |
| ၅ | ဗုဒ္ဓဘာသာတခွန် တိုင်ဂေါပက | ၃ | ၁၀ | ၀ | ၁၀ | ဘာသာရေး | ၄ | ၆ |
| ၆ | အာရ်စီဂေါပက အဖွဲ့ | ၃ | ၅ | ၀ | ၅ | ခရစ်ယန်ဘာသာရေး | ၄ | ၆ |
| ၇ | မီးလင်းရေး ကော်မတီ | ၂ | ၄ | ၀ | ၄ | ကျေးရွာပုံမှန်မီးလင်း ရေး | ၅ | ၇ |
| ၈ | နာရေးကူညီမှု အသင်း | ၂ | ၂၀ | ၀ | ၂၀ | ငွေစု ငွေချေး | ၄ | ၈ |
| ၉ | မြစိမ်းရောင် အဖွဲ့ | ၁ | ၆ | ၅ | ၁၁ | ငွေစု ငွေချေး | ၅ | ၈ |
| ၁၀ | စိုက်ဘဏ် ကော်မတီ | ၁ | ၂ | ၀ | ၂ | ငွေချေး | ၅ | ၇ |
| ၁၁ | ဓမ္မစကြာအဖွဲ့ | ၃ | ၀ | ၇၀ | ၇၀ | ဘာသာရေး | ၄ | ၇ |
| ၁၂ | အမျိုးသမီး ရေးရာ | ၂ | ၀ | ၃၀ | ၃၀ | အမျိုးသမီး ကာ ကွယ် စောင့်ရှောက် ရေး | ၅ | ၈ |
| ၁၃ | မိခင်နှင့် ကလေး | ၂ | ၀ | ၃၀ | | မိခင်နှင့် ကလေး စောင့်ရှောက်ရေး | ၅ | ၈ |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

**ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ**

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာမှာ ငယ်သော်လည်း အဖွဲ့အစည်းပေါင်း ၁၃ ဖွဲ့ရှိသည်။

၂။ ၎င်းအဖွဲ့ ၁၃ ဖွဲ့အနက် ၆ ဖွဲ့သည် ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သဖြင့် ပြင်ပမှ လာရောက်ဖွဲ့ပေးသော အဖွဲ့များထက် ပိုမိုတောင့်တင်းပြီး လုပ်ငန်းလည်ပတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်မှု၊ စည်းရုံးမှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့မှု ပိုမို ကောင်းမွန်သည်။

၃။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ စိုက်ဘဏ်၊ သမဝါယမအဖွဲ့နှင့် အမျိုးသမီးရေးရာနှင့် မိခင်ကလေးအဖွဲ့တို့မှာ အထွေထွေအုပ်ချုပ်ရေးမှ ဦးဆောင်ဖွဲ့ပေးထားခြင်းဖြစ်သည်။

၆။ အုပ်ချုပ်ရေးအဖွဲ့မှ ကျေးရွာ၏ လုံခြုံရေး၊ ဖွံ့ဖြိုးရေးအားလုံးကို အဓိကဦးဆောင်သည်။ ကျေးရွာလူငယ်အဖွဲ့မှ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရံပုံငွေထူထောင်ပြီး ပူးပေါင်းဆောင်ရွက်ကြသည်။ သမဝါယမအဖွဲ့မှ ရံပုံငွေကို လက်ရှိလည်ပတ်လျှက်ရှိပါသည်။

## ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၁ | UNDP | ၄ | မျိုးစေ့၊သရက်ပင်၊ဝက်၊တံတား၊ နည်းပညာ သင်တန်းများ ပံ့ပိုးပေးသည်။ |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။**

၁။ ကျေးရွာသူ/သားများသည် အစိုးရဌာနအချို့နှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်မှု ရှိသည်။

၂။ ကျေးရွာချေးငွေအတွက် အစိုးရစိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမနှင့် မြစိမ်းရောင် အဖွဲ့တို့ဖြင့် ဆက်သွယ်ဆောင်ရွက်မှုရှိသည်။

## ၂.၂ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၉ | ၂၇.၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ်တာထိ) | ၇၀ | ၁၉.၆% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ) | ၁၁၃ | ၃၁.၇% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၇၁ | ၁၉.၉% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၄ | ၁.၁% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၃၅၇** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ ဥစ္စာအဆင့် ၃ နှင့် ၄ တွင်ရှိသော မိသားစုများမှာမြေယာမဲ့နှင့် ၅ ဧကအောက် တောင်သူငယ် များဖြစ်ပြီး ၂၈၂ ဦး (၇၉%) ခန့်ရှိသည်။ ၎င်းတို့မှာ လယ်ယာလုပ်ငန်းခွင်တွင်၄င်း အရောင်းအ၀ယ်၊ လက်သမားပန်းရံ၊ ကျပန်း၊ နေ့စားအဖြစ် လုပ်ကိုင် စားသောက်ကြသည်။

၂။ ၇၅ အိမ်ထောင်စုသာလျှင် လယ်နှင့်ယာကို ၅ ဧကအထက်ပိုင်ဆိုင်လုပ်ကိုင်ကြပြီး ၆ လအထက် ဝမ်းစာ ဖူလုံကြ သည်။

၃ ပြေလည်နှင့် အလယ်အလတ်အဆင့်ရှိသူများသာ လယ်မြေနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာ များကို ပိုင်ဆိုင်ပြီး ဝမ်းစာဖူလုံမှုရှိသည်။

၄။ မြေယာမဲ့အိမ်ထောင်စု (၉၉) အိမ်ရှိပြီး ကျပန်းလုပ်ကိုင်စားရသည်။ (၂.၅ ဧက) အောက် ပိုင်ဆိုင်သူများမှာလည်း စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းသဖြင့် ကျပန်းလုပ်ကိုင်စားရသည်။

### ၂.၂.၁.၂အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့်ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | မိုးဗြဲဆည် | အစိုးရ | ၁၀၀၀ | ရာသီအလိုက် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

### လေ့လာတွေ့ရှိချက်

မိုးဗြဲဆည်မှ ထေးငှားလျားကျေးရွာရှိ လယ်ဧက(၁၀၀၀)ခန့်ကို မိုးရာသီနှင့်နွေရာသီ (၂)ရာသီ ရေပေးနိုင်သော်လည်း မိုးရာသီတွင် ရေအလုံအလောက်ရသော်လည်း နွေရာသီတွင် ရေအလုံအလောက်မရရှိပါ။ (ရေအားလျှပ်စစ် ထုတ်ယူသောကြောင့်ဖြစ်ပါသည်။

### ၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| စပါး | ၁၁၆၃ | တင်း | ၇၀ | ၁၆၀ | ၁၁၅ | မိုးရာသီနှင့်နွေရာသီဆည်ရေရလျှင်စိုက်ပျိုး | လတ် | လတ်၊နိမ့် | |
| သခွား၊ဗူး၊ဖရုံ၊ပြောင်းဖူး | | | | | | မိုးရာသီတွင်စိုက်ပျိုး | | | အိမ်တွင်းစိုက်ပျိုး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ဆည်ရေသောက်လယ်များမှာ အမြတ်ပိုရပြီးမိုးကောင်းသောက်လယ်များမှာအမြတ်ရနည်းသည်။

၂။(သခွား၊ ဖရုံ၊ ဗူး၊ ပြောင်းဖူး)စသည် သီးနှံများကို ခြံဖြင့်သီးသန့်မစိုက်ဘဲ အိမ်ခြံဝန်း အနည်း အကျဉ်းသာ စိုက်ပျိုးပါသည်။

## ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | - | - | မရှိပါ |
| ရိတ်သိမ်းစက် | - | - | မရှိပါ |
| လက်တွန်းထွန်စက် | ၉၇ | - | တစ်အိမ်လျှင်(၁)စီးနှုန်းဖြင့်(၉၇)အိမ်မှာ (၉၇)စီးပိုင် ဆိုင်ပါသည်။ |
| ခြေလှေစက် | ၄ | - | တစ်အိမ်လျှင်(၁)စီးနှုန်းဖြင့်အိမ်ထောင်စု (၄)အိမ်မ ှ(၄)စီး ပိုင်ဆိုင်ပါသည်။ |
| ရေစုပ်စက် | ၁၄ | - | တစ်အိမ်လျှင်(၁)လုံးနှုန်းဖြင့်အိမ်ထောင်စု (၁၄)အိမ်မှ (၁၄)စီးပိုင်ဆိုင်ပါသည်။ |
| ခြေနင်းရေတင်စက် | - | - | မရှိပါ |
| မျိုးစေ့ချစက် | - | - | မရှိပါ |
| မြက်ရိတ်စက် | - | - | မရှိပါ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ နွားကိုအဓိကအသုံးပြုကြပြီး ထွန်စက်များကို တွဲဖက်သုံးကြသည်။ နွားတရှည်း ထွန်တစပ် ငှားခမှာ ၅၀၀၀ ကျပ်၊ လက်တွန်းထွန်စက် ငှါးရမ်းသုံး စွဲခ ၁၅၀၀၀ ကျပ် နှင့် ရေစုပ်စက်ငှါးရမ်းခ တစ်နာရီ ၄၀၀၀ ကျပ်ဖြစ်သည်။

၂။ လုပ်ငန်းခွင် ကြန့်ကြာမှုများရှိသဖြင့် စက်ကိရိယာများကို ငှားရမ်းသုံးစွဲကြရသည်။ လက်ရှိလယ် (၁၀၁၅) ဧကနှင့် ယာ (၄) ဧက ရှိပြီး လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု မရှိပါ။

၃။ လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်းနှင့် ငှါးရမ်းခကြီးမြင့်မှုကြောင့် တောင်သူငယ်များသည် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုံး လျော့နည်းကြသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ) | မရှိ | စိုက်ပျိုးမြေတိုးချဲ့ရန်မြေဧကမရှိပါ။သဘာဝဓါတ်မြေသြဇာရရှိရန် ခက်ခဲသည်။ နွားမွေးသော်လည်း အနည်းအကျဉ်းသာမွေးပါသည်။ စားကျက်မြေမရှိသောကြောင့်ဖြစ်ပါသည်။ နွားချေးရရှိမှု နည်းပါးသည်။ |
| ရေအရင်းအမြစ် | ရှိ | မိုးဖြဲဆည်ရေကိုသာ အဓိက အားထားစိုက်ပျိုးကြရသည်။ |
| သဘာဝမြေဆွေး၊ သြဇာနစ် | ရှိ | မြေကိုပြုပြင်နိုင်ပါသည်။ သသာဝဓါတ်မြေသြဇာရရှိမှု နည်းပါးသည်။ |
| သြဇာနစ်ပိုးသတ်ဆေး | ရှိ | စိုက်ပျိုးရေးရုံးမှသင်တန်းရရှိပါသည် |
| ချေးငွေရရှိမှု | ရှိ | (စိုက်ဘဏ်၊ သမဝါ ယမ၊ မြစိမ်းရောင်၊ ငွေချေးပေးသူ) ထံမှရရှိနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | ရှိ | လွိုင်ကော်မြို့နှင့်(၁)မိုင်သာဝေးပြီး အလွယ်တကူဝယ်ယူနိုင်ပါသည် |
| ဝန်ဆောင်မှုဈေးကွက် | ရှိ | ရွာတွင်းလုပ်သားပေါများသည်။ ပြင်ပမှ UNDPမှ သင်တန်းအနည်းအကျဉ်းရရှိပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ရှိ | ရွာတွင်းတွင် ဆန်စက်(၃)စက်ရှိပါသည်။ လွိုင်ကော်နှင့် မိုးဖြဲသို့ ရောင်းဝယ်နိုင်ပါသည်။ |

အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

### လေ့လာတွေ့ရှိချက်

၁။ ချေးငွေရရှိနိုင်သော်လည်းလုံလောက်မှုမရှိပါ။ စိုက်ပျိုးချိန်မှီမရပါ။ စိုက်ဘဏ်နှင့် သမဝါယမမှ စိုက်ပျိုးစရိတ်များကို အချိန်မီ ထုတ်ချေးခြင်း၊ အလုံအလောက်ထုတ်ချေးခြင်း၊ တောင်သူများနှင့် လိုက်လျောညီထွေသော စည်းမျဉ်းစည်းကမ်းများဖြင့် ချေးငွေစနစ်မူဝါဒချမှတ် ဆောင်ရွက်ပါက

သီးနှံထုတ်လုပ်မှုတိုးလာနိုင်ပါသည်။ ပုံစံ (၇) ရှိသူ တောင်သူများသာ စိုက်ဘဏ်မှ ချေးငွေရရှိပြီး သမမှ တောင်သူတဦးလျင် ၁၀၀၀၀၀ ကျပ်နှုန်းချေးငွေ ရရှိကြသည်။

၂။ စိုက်ပျိုးရေးကို မိုးရေနှင့်ဆည်ရေ(၂) မျိုးရရှိသော်လည်း မိုးခေါင်ခြင်းဒဏ်ကို နှစ်တိုင်းလိုလို ခံရသည်။ ဆည်ရေမှာလည်း မိုးရာသီသာရရှိပါသည်။ နွေရာသီတွင်အနည်းအကျဉ်းသာရရှိပါသည်။

၄။ မြေဆီလွှာပြုပြင် ထိန်းသိမ်းနည်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးသုံးဆွဲနည်းများကို ကုမ္ပဏီများမှ ဟောပြောပွဲများ လာရောက်ပို့ချပေးသော်လည်း စိုက်ပျိုးရေးကိုစနစ်တကျ သင်ကြားပေးမှုမရှိ။

### ၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | |
| ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု | ရှိ | စိုက်ပျိုးချိန်မှီမရ၊ လိုအပ်သလောက်မရပါ။ အရင်းအနှီးနည်းခြင်းကြောင့် အမြတ်ရရှိမှုနည်းသည်။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | လုံလောက်မှုမရှိပါ။ ငွေကြေးအရင်းအနှီးမတက်နိုင်၊ အချိန်မီ အသုံးမပြုနိုင် ကြပါ ။ |
| ကျွမ်းကျင်လုပ်သားရှားပါး မှု | ရှိ | နည်းပညာဗဟုသုတနည်းပါးသည်။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | တစ်နှစ်ပတ်လုံးမရရှိပါ။ မိုးရာသီသာရရှိနိုင်ပါသည်။ ဆည်ရေရရှိမှုနည်းသည်။ |
| မိုးရေမလုံလောက်မှု | ရှိ | မိုးခေါင်ခြင်းကြောင့် မိုးရေရရှိမှုနည်းပါးသည်။ လုံလောက်မှုမရှိပါ။ မိုးခေါင်ခြင်း နှစ်တိုင်းလိုလိုကြုံရသည်။ |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | ရှိ | အချိန်မီ အသုံးပြုနိုင်ခြင်းမရှိပါ။ |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | ဆစ်ပိုး၊ အရွတ်ဖျက်ပိုးလောင်မီးပိုး၊ မြေအောင်းပိုးများ ဖျက်ဆီးခြင်းကို ခံရသည်။ |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | ရှိ | စိုက်ပျိုးနည်းပညာ၊ ဗဟုသုတနည်းပါးသည်။ ကျွမ်းကျင်သူနည်းပါးသည်။ စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာများပေးသော်လည်း လုံလောက်မှု မရှိသေးပါ။ |
| ဈေးကွက်လက်လှမ်းမှီမှု | ရှိ | လွိုင်ကော်နှင့်မိုးဖြဲသို့ အလွယ်တကူရောင်းဝယ်နိုင်ပါသည်။ |
| အစိုးရမူဝါဒနှင့် အစီအစဉ် | မရှိ | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ စိုက်ပျိုးရေးအတွက် စိုက်ဘဏ်၊ သမဖျားမှ ချေးငွေရရှိသော်လည်း အချိန်မှီမရ၊ မြစိမ်းရောင် ချေးငွေရရှိနေပြီဖြစ်သော်လည်း ယခုမှ စတင်နေကြခြင်းဖြစ်သည်။

၂။ စိုက်ပျိုးမြေ တိုးချဲ့ရန်မရှိ။ လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု မရှိပါ။ မိုးစပါးစိုက်ရန် အချိန်လုရခြင်း၊ ခြွေလျှော့ပြီး ချက်ချင်းရောင်းရသောကြောင့် ဈေးကောင်းမရပေ။ တချို့နှစ်များတွင် ဘီလူးချောင်းမှ ရေကြီးနစ် မြုပ်မှုများ ကြုံတွေ့ရသည်။

၃။ စိုက်ဘဏ်နှင့် သမဝါယမမှ ချေးငွေအချိန်မီနှင့် အလုံအလောက်မရနိုင်သောကြောင့် တောင်သူများမှာ စိုက်ချိန်မီရန်ပြင်ပ (သို့မဟုတ်) ပွဲရုံမှ အတိုးနှုန်းမြင့်စွာဖြင့် ငွေချေးရသည်။ စိုက်ဘဏ်နှင့် သမဝါယမမှ ချေးငွေရ ပြီးပါကပြင်ပ ချေးငွေကို ပြန်ဆပ်ရသည်။

၄။ ပြန်ဆပ်ချိန်ကိုလည်း ၆လ (ဇန္နဝါရီလ)တွင် မဖြစ်မနေပြန်ဆပ်ကြရသဖြင့် ၎င်းအချိန်သည် သီးနှံပေါ်စအချိန်ဖြစ်သောကြောင့် တောင်သူများသီးနှံဈေးကောင်းမစောင့်နိုင်ဘဲ သီးနှံကို အမြန်ဆုံးရောင်းချပြီး ပြန်ဆပ်ကြရသည်။

၅။ အကယ်၍ စိုက်ပျိုးသီးနှံ အောင်မြင်မှု မရှိပါကလည်း စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို မဖြစ်မနေ သတ်မှတ်ကာလတွင် ပြန်ဆပ်နိုင်ရန် ပွဲရုံများမှ ဆောင်းသီးနှံကို အပေါင်သဘောထားကာ ၅% မှ ၇% အတိုးဖြင့် ယူ၍ စိုက်ဘဏ်ချေးငွေကို ပြန်ဆပ်ကြရသည်။

၆။ ဖျက်ပိုးရောဂါများဆိုးဝါးစွာ ကျရောက်၊ ကာကွယ်နှိမ်နင်းခြင်းများကို ဆေးဆိုင်နှင့်ကုမ္ပဏီများမှ ညွှန်းပေးသော်လည်း နည်းပညာလုံလောက်မှု မရှိသေးပါ။

### ၂.၂.၂ မွေးမြူရေး လုပ်ငန်း

#### ၂.၂.၂.၁မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၉၂ | ၄၀၁ကောင် |
| မြင်း | ၂ | ၄ကောင် |
| ကျွဲ | | |
| ဝက် | ၂၅၃ | ၄၈၂ကောင် |
| ကြက် | ၂၇၂ | ၄၇၄၃ကောင် |
| ဘဲ | ၁ | ၈ကောင် |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ နွားကို လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်နှင့် နွားသားဖေါက်ရောင်းရန်အတွက် တောင်သူများက အဓိက မွေးမြူကြသည်။

၂။ ဝက်နှင့် ကြက်ကို တပိုင်တနိုင်အနေဖြင့် မိသားစုဝင်ငွေအတွက် မွေးမြူကြပါသည်။

၃။ နွားမွေးသောအိမ်ထောင်စု(၉၂)အိမ်မှ (၄၈၁)ကောင် ပိုင်ဆိုင်ပါသည်။ မြင်းမွေးသူ(၂)ဦးရှိပြီး (၄)ကောင် ပိုင်ဆိုင်ပါသည်။ ဝက်မွေးသောအိမ်ထောင်စု(၂၅၃) အိမ်ရှိပြီး(၄၈၂) ကောင်ပိုင်ဆိုင်ပါသည်။ ကြက်မွေးသောအိမ်ထောင်စု (၂၇၂) အိမ်ရှိပြီး (၄၇၄၃) ကောင်ပိုင်ဆိုင်ပါသည်။ ဘဲမွေးသူ (၁)ဦး၊ (၈)ကောင်ပိုင်ဆိုင်ပါသည်။ ငါးကန်မှာတူး ဖော်နေဆဲ ဖြစ်ပါသည်။

၄။ ကြက်ကို စီးပွါးဖြစ်မွေးမြူလေ့မရှိဘဲ မိမိတို့ စားသုံးရန်အတွက်သာ မွေးမြူလေ့ရှိကြသည်။ ဥစား၊ အသားစားကြက်ကို စီးပွါးဖြစ်မွေးမြူရန် စိတ်ဝင်စားကြသော်လည်း မွေးမြူရေးအနှံ့ အသက်ကို ရွာသူ/သားများမှ လက်မခံကြပေ။

### ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | စားကျက်မြေသီးခြားမရှိ။ တိုးချဲ့ရန်မြေနေရာမရှိ |
| ရေရရှိမှု | ဘီလူးချောင်းမှရေမြောင်းသွယ်၍ရရှိနိုင်ပါသည်။ |
| တိရစ္ဆာန်မျိုး | (နွား၊ဝက်၊ကြက်၊ငါး)မွေးမြူနိုင်ပါသည်။ |
| ချေးငွေ | ကျေးရွာတွင်းငွေချေးပေးသူ၊လွိုင်ကော်မြို့မှငွေချေးပေးသူထံမှရရှိနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | လွိုင်ကော်မြို့နှင့်(၁)မိုင်သာဝေးပြီးအလွယ်တကူရရှိနိုင်ပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | တိမွေးကုရုံးမှ သင်တန်းရရှိပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | လွိုင်ကော်နှင့် မိုးဗြဲမြို့များတွင် ဈေးကွက်အလုံအလောက်ရှိပါသည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အိမ်ထဲတွင်တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ဘီလူးချောင်းမှရေမြောင်းသွယ်ခြင်းဖြင့်ငါးမွေးမြူရန်အခွင့်အလမ်းရှိပါသည်။

၂။ ကျေးရွာနှင့် လယ်ပတ်ဝန်းကျင် တွင်လွတ်ကျောင်းနိုင်ပြီး လယ်စပါးမှရရှိသော ကောက်ရိုး များနှင့် အစာစိမ်း များ ပေါများသည်။

၃။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အိမ်ခြံဝင်းရှိသည်။ စားကျက်မြေသီးသန့်မရှိသော်လည်း လွတ်ကျောင်း ရန်နေရာများရှိပါသည်။ ကောက်ရိုးများလည်း အလွန်ပေါပါသည်။

၄။ ကျေးရွာတွင် နွား၊ ကြက်နှင့် ဝက်ကို အဓိကမွေးမြူပါသည်။၊ နွားကိုခိုင်းနွားအဖြစ်အသုံးပြု၍ စိုက်ပျိုးရေးအတွက် နွားချေးရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိ။ နွားမွေးမြူရန် စားကျက်၊ ဈေးကွက်၊ ရေ အလုံအ လောက်ရှိပြီး အခွင့်အလမ်းကောင်းများရှိသည်။

၅။ မွေးမြူရေးသီးသန့် ချေးငွေမရှိသောကြောင့် အရင်းအနှီး လုံလောက်မှုမရှိ။

## ၂.၂.၂.၃မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲ စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမှီမှု | မွေးမြူရေးသီးသန့် ငွေချေးစနစ်မရှိ။ လိုအပ်ချိန်မရနိုင်၊ လိုအပ်သလောက် မရ၊ ပြင်ပ ငွေချေးပေးသူထံမှချေးလျှင် အတိုးကြီးပေးရသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | အိမ်မွေးတိရိစ္ဆာန်များ နှစ်စဉ် ရာသီရောဂါ ဆိုးဝါးစွာ ကျရောက် ဆုံးရှုံးလေ့ ရှိသည်။ တိမွေးကုရုံးနှင့် ချိတ်ဆက်မှု အားနည်းသည်။ |
| သွင်းအားစုဈေးကွက် | အရင်းအနှီးလုံလောက်မှု မရှိသောကြောင့် အလုံအလောက်နှင့် အချိန်မီအသုံး ပြုနိုင် ခြင်း မရှိပါ။ |
| ဝန်ဆောင်မှုဈေးကွက် | တိမွေးကုရုံးနှင့်ချိတ်ဆက်မှုအားနည်း၊မွေးမြူရေးဆိုင်ရာအခြားအဖွဲ့အစ ည်း များနှင့် လည်းချိတ်ဆက်မှုအားနည်းသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | မွေးမြူရေးကိုကြီးကြီးမားမားမလုပ်ပါ။ တစ်နိုင်တစ်ပိုင် သာလုပ်ပါသည်။ လိုင်စင်မရှိ သည့်အတွက်ဈေးနှိမ်ခံရသဖြင့် အကျိုးအမြတ်နည်းသည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟု သုတ | တိမွေးကုရုံးမှသင်တန်းပေးသော်လည်းတစ်ဦးပဲတက်သည်။ လက်ဆင့်ကမ်း ပေးခြင်း မျိုးလည်းမရှိပါ။ |

| ပြဿနာနှင့်အခက်အခဲ စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု<br>မျိုးကောင်းမျိုးသန့် | လိုင်စင်ရှိသောကုမ္ပဏီများကို သွင်းရသောကြောင့် ပေါက်ဈေးမရပါ။<br>ကိုယ်ပိုင် မွေးမြူ သူများအနေဖြင့် လိုင်စင်ရရန် ခက်ခဲမှုရှိသည်။<br>နီးစပ်ရာလူများသာ လိုင်စင်ကို လက်လှမ်းမီကြသည်။ |
| **ငါးဖမ်းခွင့် လက်လှမ်းမှီမှု**<br>ငါးဖမ်းခွင့်<br>ကုန်ကျစရိတ်မြင့်မားမှု<br>အရင်းအနှီးလက်လှမ်းမှီမှု<br>အခြား | <br><br><br>ငွေချေးစနစ်လုံးဝမရှိပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ မွေးမြူကုသရေးဆိုင်ရာသင်တန်းနှင့် ကာကွယ်ကုသရေးထိရောက်စွာ ဝန်ဆောင်မှုမရှိ။

၂။ တိရိစ္ဆာန်များကြိုတင် ကာကွယ်စောင့်ရှောက်မှုမရှိပါ။ စနစ်တကျမွေးမြူနည်းစနစ် လိုအပ်ပါသည်။ ဗဟုသုတ အသိပညာအတွေ့အကြုံမရှိပါ။

၃။ ဆေးထိုးရန်အတွက် မြို့နှင့်အခြားပြင်ပရွာသို့ သွားခေါ်ရသည်။ ကျေးရွာတွင် ကျွမ်းကျင်သူမရှိ။ အချိန်မမှီပါ က သေဆုံး/ ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်လေ့ရှိ ပါသည်။ ဆေးကုသစရိတ်လည်းမြင့်သည်။

၄။ မိမိခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှု ခံကြရသည်။

### ၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၂ | ထုတ်ကုန်လုပ်ငန်း | ၃ | | | မြင့်၊ ၃ အိမ်ထောင်မှာ ဆန်စက်ကို စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၄ | | | လတ်၊ ပန်းရံလုပ်ငန်းဖြင့် အသက်မွေး သူ များဖြစ်ကြသည်။ |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၂၀ | | | လတ်၊ ၁ ဦးမှာ စိုက်ပျိုးရေး အရောင်းအဝယ်ကို အဓိက လုပ်ကိုင်ကြသည်။ ၁ အိမ်မှာ ဆိုင်ကယ်ပြင်ဆိုင်၊ ကျန် ၁၈ အိမ်မှာ အိမ်ဈေးဆိုင်များဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၆၆ | | | သုံးဘီးဆိုင်ကယ်မောင်းသူ၊ ဆိုင်ကယ်တက္ကစီနှင့် ထော်လာကျီမောင်းသူများဖြစ်သည်။ငင်းတို့မှာ စိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်ကြသည် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၂ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | ၇၈ | | အစိုးရဝန်ထမ်းများဖြစ်ပြီး ၎င်းတို့ မိသားစု၏ အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်သည်။ |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | ၇၇ | | မြေယာမဲ့၊ ကျပန်းလုပ်ကိုင်သူများ |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၉၃ | ၁၅၅ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ မြေယာမဲ့ကျပန်းသမားများမှာ ၉၉ အိမ့်ရှိပြီး အလုပ်နှင့် ဝင်ငွေ ပုံမှန်မရှိကြပါ။

၂။ ကျပန်းနှင့်တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည် အဓိက လုပ်ငန်း ဖြစ်သော်လည်း စားဝတ်နေရေးခက်ခဲကြသည်။

၃။ လယ်ယာစိုက်ချိန် ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေးယူ (သို့မဟုတ်) လုပ်အားကြိုရောင်းခြင်း စားဝတ်နေရေးကိုဖြေရှင်းရသည်။

၄။ နေ့စားလုပ်သား(အလုပ်ကြမ်း)လုပ်သောအိမ်(၁၅၀)ကျော်ရှိသည်။ အလုပ်ကြမ်း၊ ကျပန်းများမှာ အလုပ်ခေါ်သူရှိမှသာ လုပ်ရသောကြောင့် ပုံမှန်အလုပ်မရှိ၊ ပုံမှန်ဝင်ငွေမရ၍ စားဝတ်နေရေး အဆင်မပြေပါ။ (ပန်းရံ၊လက်သမား) လုပ်ငန်း မကျွမ်းကျင်သောကြောင့် ကျပန်းလုပ်ကိုင် စားရသည်။ လက်သမား၊ ပန်းရံကျွမ်းကျင်သင်တန်းလိုအပ်ပါသည်။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| • လွိုင်ကော်မြို့နှင့်နီးသောကြောင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကျွမ်းကျင်လျှင် ပုံမှန်အလုပ်ရှိပြီး ပုံမှန်ဝင်ငွေ ရရှိနိုင်ပါသည်။ | • ဒေသ၏ဖွံ့ဖြိုးမှုအခြေအနေအရ လုပ်ငန်းအခွင့်အလမ်းများရှားပါးခြင်း<br>• အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ လေ့လာသင်ကြားနိုင်ရေးအတွက် အရင်းအနှီးများ အတတ်နိုင်ခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ကျပန်းခြေယာမဲ့များအတွက် ချေးငွေလက်လှမ်းမမီနိုင်ခြင်း။ အရင်းအနှီးမရှိခြင်း။

၂။ အသက်မွေးဝမ်း အတတ်ပညာကျွမ်းကျင်မှု နည်းခြင်း။

၃။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊ အဆက်အသွယ်နည်းပါးခြင်း။

၄။ ဆက်သွယ်ရေးအားနည်းခြင်းနှင့် သတင်းအချက်အလက် လက်လှမ်းမမီနိုင်ခြင်း။

၅။ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ပါက ကျေးရွာတွင် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများလာမည်ဖြစ်ပြီး လျှပ်စစ်မီးလည်း လက်လှမ်းမီသဖြင့် အိမ်တွင်းမှု လုပ်ငန်းများ တိုးတက်လာ နိုင်မည် ဖြစ်သည်။

## ၂.၃ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ၁ မိုင်(လွိုင်ကော်) | ၆ မိုင်(မိုးဗဲ) |

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | သုံးဘီး၊ဆိုင်ကယ်၊ကား | စက်လှေ၊ကား၊ဆိုင်ကယ်၊သုံးဘီး |
| ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု | စပါး၊ ပြောင်းဖူး၊ နှမ်း | စပါး၊ |
| ဈေးအခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှု | သွပ်မိုး၊ကွန်ကရစ်ခင်း၊ကာ (နှစ်ထပ်ဈေး) | သွပ်မိုး၊ကွန်ကရစ်ခင်း၊ကာ၊ (နှစ်ထပ်ဈေး) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ မိုးဖြဲဈေးမှာ ရွာနှင့်ဝေးသော်လည်း စပါးဈေးပိုရသောကြောင့် မိုးဖြဲဈေးသို့သွားရောင်းကြသည်။ မိုးဖြဲဈေးသို့ သွားရောင်းရာတွင် သုံးဘီး၊ ထော်လာဂျီအပြင် ရေကြောင်းလမ်း စက်လှေဖြင့် သွားရောက်ကြသည်။

## ၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်းလို အပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် | စိုက်ပျိုးရေးချေးငွေ | ၆ | ၄၂ ပြား | လယ် | လယ်ပုံစံ (၇)ရှိသူသာချေးငွေရနိုင်သည် |
| | မြစိမ်းရောင် အရင်း မပျောက်မတည်ငွေ | တနှစ် | | | |
| ပုဂ္ဂလိကဘဏ် | - | - | - | | |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | - | - | - | | |

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်းလို အပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ် | - | - | - | | |
| ငွေချေးပေးသူ | ချေးငွေ | | | | |
| အပေါင်ဆိုင် | ချေးငွေ | ၃ လတကြိမ် လက်မှတ် လဲရသည်။ | ၃% | ရွှေထည် | ပစ္စည်းတန်ဖိုးအပေါ် မူတည် သည်။ |
| မိတ်ဆွေနှင့် ဆွေမျိုးများ | ချေးငွေ | ပုံမှန်မရှိ။ | ၅–၁၀% | မလို။ | လိုသလောက်မ ရ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ စိုက်ဘဏ်မှ လယ် ၁ ဧကကို ၁သိန်းနှုန်းဖြင့် အများဆုံး ၁၀ သိန်းထိရရှိနိုင်သည်။

၂။ မြစိမ်းရောင်မှ သိန်း ၃၀၀ ကို ၃ ရစ်ခွဲ၍ အရင်းမပျောက်အောင် မတည်ပေးသည်။

၃။သမဝါယမအဖွဲ့မှာ ကျား-ဖဦးဖြင့် ဖွဲ့စည်းထားပြီး ယခုထိလည်ပတ်ဆဲ ဖြစ်ပါသည်။ အပေါင်ဆိုင်မှ ချေးလျှင်အပေါင်လက်မှတ်ကို (၃)လတကြိမ် လဲလှယ်ပေးရသည်။

## ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် များစီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ:

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | ရှိ | တောတောင်များမရှိ - သီးနှံတစ်မျိုးတည်းစိုက်သောကြောင့် မြေဆီအား နည်းလာသည်။ |

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| အပင်မျိုးစိတ်များ | ရှိ | အပင်မျိုးစိတ်များရှားပါးလာပြီး ထိန်သိမ်းစောင့်ရှောက်မှု မရှိပါ။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | ရှိ | ကာကွယ်ထိန်းချုပ်မှုရှိသော်လည်း နည်းစနစ်မကျသောကြောင့် ပိုးမွှားများ ဆိုးဝါးလာပြီး ခံနိုင်ရည်ရှိလာသည်။ |
| ရေအရင်းအမြစ် | ရှိ | သောက်သုံးရေရှားပါးသည်။ အဝီစီတွင်းတူးသော်လည်း အချို့တွင်းများ ရေထွက်သော်လည်း အချို့ရေမထွက်ပါ။ လက်ရှိရေတွင်းများမှာလည်း နွေရာသီတွင် အများအားဖြင့် ရေခမ်းကြသည်။ |
| ငါးမျိုးကွဲများ | ရှိ | ဖမ်းဆီးမှုများသည် - ပိုးသတ်ဆေး အလွန်အကျွံသုံးသဖြင့် လည်းငါးများ ရှားပါးလာသည်။ |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | ရှိ | ဖမ်းဆီးမှုများပြီး ထိန်းသိမ်းမှု အားနည်းသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲ မှု | ရှိ | အမှိုက်သရိုက်များ စွန့်ပစ်မှုစနစ်မကျ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ ငါးမျိုးများနှင့် အခြားတိရိစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ်ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။

၂။ မြေဆီလွှာထိန်းသိမ်းမှု မရှိကြပါ။

၃။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျ စွန့်ပစ်ခြင်းမရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှု နည်းလာသည်။

### ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

| အမျိုးအစား | အန္တရာယ်ဖြစ်နိုင်ခြေ(နည်း / လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျှော့ချရေးအလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | နည်း | ၁၉၇၄-၂၀၁၁ ခုနှစ်ကြုံဘူး | - |

| အမျိုးအစား | အန္တရာယ်ဖြစ်နိုင်ခြေ(နည်း / လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျှော့ချရေးအလေ့အကျင့်များ |
|---|---|---|---|
| မီးဘေး | နည်း | တစ်ခါတစ်ရံမှဖြစ် | မီးသတ်အဖွဲ့ရှိ |
| မုန်တိုင်း | - | | |
| ငလျင် | နည်း | တစ်ခါတစ်ရံမှဖြစ် | |
| မိုးခေါင်ခြင်း | များ | မကြာခဏနှစ်စဉ်လိုလို ကြုံရသည်။ | မရှိ |
| အအေးလှိုင်း | - | | |
| ပဋိပက္ခ ဖြစ်ပွားမှု | နည်း | တစ်ခါတစ်ခါရံမှဖြစ်။ | - |
| တိရိစ္ဆာန်ရောဂါ ဖြစ်ပွါးမှု | နည်း | ၂ နှစ် မှာ ၁ ခါလောက်ဖြစ် | တိ-ကုရုံးနှင့်ဆက်သွယ် |
| လူရောဂါဖြစ်ပွါးမှု | လတ် | ရာသီလိုက်ဖြစ် | ကျေးရွာ ဆရာမရှိသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ အခြားသဘာဝဘေးလျှော့ချရေးအစီအစဉ် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

၂။ မီးကင်းစောင့်ခြင်း၊ နွေရာသီ မီးငြိမ်းသတ်မည့် အစီအစဉ်ချမှတ်ခြင်း၊ လိုက်လံ စစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများသာ ပြုလုပ်ကြသည်။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

| ပညာရေး | ကျား | မ | ပေါင်း | ဇနှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၆၃ | ၁၀၀ | ၁၆၃ | ၁၂% |
| ဘာသာရေးအခြေပြုပညာရေး | ၃ | ၂ | ၅ | ၀.၄% |

| ပညာရေး | ကျား | မ | ပေါင်း | ဇနှစ်နှင့်အထက်၊ကျောင်းနေ လူဦးရေ % |
|---|---|---|---|---|
| မူလတန်းပြီးဆုံးမှု မရှိသည့်ဦးရေ | - | - | - | |
| မူလတန်းပညာရေးပြီးဆုံးသူများ | ၂၃၈ | ၂၄၇ | ၄၈၅ | ၃၅.၆% |
| အလယ်တန်းပညာရေးပြီးဆုံးသူများ | ၂၁၇ | ၁၉၅ | ၄၁၂ | ၃၀.၃% |
| အထက်တန်းပညာရေးပြီးဆုံးသူများ | ၁၁၄ | ၈၀ | ၁၉၄ | ၁၄.၃% |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၂၂ | ၄၈ | ၇၀ | ၅.၁% |
| တက္ကသိုလ်တက်ရောက်နေသူများ | ၈ | ၂၄ | ၃၂ | ၂.၄% |
| ဇ နှစ်အထက်လူဦးရေပေါင်း | **၆၆၅** | **၆၉၆** | **၁၃၆၁** | **၁၀၀%** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင် မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူများပြီး ဘွဲ့ရပညာတတ်သူ အလွန်နည်းသည်။ အကြောင်းမှာ မိဘများမှာ ဆင်းရဲသောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။

## ၂.၆.၂ ကျောင်းအပ်နှံနှုန်း

ဇယား (၂၈) ကျောင်းအပ်နှံနှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-ဇနှစ်) | ၁၁၉ | ၁၂၅ | ၂၄၄ | ၁၇၃% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၀၀ | ၁၃၃ | ၂၃၃ | ၁၅၁.၃% |
| အထက်တန်း (၁၅-၁၆နှစ်ကြား) | ၁၅ | ၄၂ | ၅၇ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၈ | ၂၄ | ၃၂ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ မူလတန်းကျောင်းတက်နှုန်းတွင် ၁၇၃%နှင့်အလယ်တန်းကျောင်းနေမှု နှုန်းမှာ ၁၅၁.၃% ဖြစ်နေရခြင်းမှာ မူလတန်းနှင့် အလယ်တန်း ကျောင်းတက်သူများစာရင်းတွင် ပြင်ပရွာ (၅) ရွာမှ ကျောင်းသား ၁၈၂ ယောက်ကိုပေါင်းထည့် ထားခြင်းကြောင့်ဖြစ်သည်။

၂။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး အထက်တန်းကို လွှိုင်ကော်သို့ တက်ရောက်ကြသည်။ ပညာရေး ကောင်းမွန်ပြီး ဆင်းရဲသောမိသားစုများက ကျောင်စရိတ်မတတ်နိုင်၍ မူလတန်းနှင့် အလယ်တန်းထိသာ ကျောင်းထားနိုင်ကြသည်။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်သူများမှာ လွှိုင်ကော်သို့ သွားရောက်တက် ရောက်ကြ သည်။

၃။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်သူ ဦးရေ သိသိသာသာ လျော့နည်းသွားရခြင်းမှာလည်း ကျေးရွာတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအထိသာရှိပြီး၊ အထက်တန်းနှင့် တက္ကသိုလ်မှာ လွှိုက်ကော်သို့ သွားရောက်တက်ရခြင်းနှင့် မိဘများဆင်းရဲသဖြင့် ကျောင်းဆက်မထားနိုင်သောကြောင့် ဖြစ်သည်။

## ၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာတွင်း | ရွာတွင်း |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင်၊ စက်ဘီး။ | ခြေလျင်၊ စက်ဘီး။ |
| စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်) | ၁၂၀ ပေ × ၃၀ ပေ × ၁၂ ပေ | ၁၂၀ ပေ × ၃၀ ပေ × ၁၂ ပေ |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊ကွန်ကရစ်ခင်း၊ကာ | သွပ်မိုး၊ကွန်ကရစ်ခင်း၊ကာ |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) | လုံလောက်မှုမရှိ | လုံလောက်မှုမရှိ |
| **ကျောင်းဆရာဦးရေ** | **ကျား** **မ** **ပေါင်း** | **ကျား** **မ** **ပေါင်း** |
| | ၄ ၄ | ၁ ၈ ၉ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ၊

၂။ ကျေးရွာမူကြိုကလေးများ ရွာဓမာရုံတွင် စာသင်ပေးသည်။ မူကြိုကျောင်းလိုအပ်သည်။

၃။ ကျေးရွာရှိ ကျောင်းမှာ ယင်လုံအိမ်သာလုံလောက်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂ လုံလောက်မှု မရှိပါ။

## ၂.၆.၄ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၁၄ ဦး- အားကစား -ကာယဆရာလိုအပ် |
| တပည့် - ဆရာ အချိုး | ၃၄ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | စားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းမတက်နိုင်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | နှစ်ခြင်းခရစ်ယာန်ကျောင်းတွင် ပြုစု သင်ကြားပေးသည်။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အစိုးရမှထောက်ပံ့ပေးသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျောင်းသား ၂ ယောက် ထားပေးသည်။ ကျန်မိသားစုများမှာစရိတ်မတတ်နိုင်ကြပါ။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | မိဘဆရာအသင်းကျား-၈ +မ -၃ ရှိပြီး ညီညွတ်မှုရှိသည်။ ကျောင်းသား များစာတော်လာစေရန် ကျောင်းတက်မှန် စေရန် ဆောင်ရွက်ပေးသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ လက်ရှိကျောင်းအကျိုးတော်ဆောင်များမှာလည်း ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။ ကျောင်းအကျိုးတော်ဆောင်ကော်မတီရှိပြီး ကျောင်းအတွက်လိုအပ်သော ပရိဘောဂပစ္စည်း၊ ကျောင်း အတွက် သာယာလှပရေးအတွက် တက်ကြွစွာ လှုပ်ရှားမှု ရှိသည်။

## ၂.၇ ကျန်းမာရေးနှင့် အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁. တုတ်ကွေး | ၂. ရာသီဖျား | ၃. ဝမ်းပျက်ဝမ်းလျှော | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ လက်ရှိတွင်ကျေးရွာမှာ တုပ်ကွေးရောဂါ အဖြစ်များနေပါသည်။ ရေကြီးသောနှစ်များတွင် ရေမသန့်၍ ရောဂါဖြစ်ပွားမှု များသည်။

၂။ ကျေးရွာတွင် သားဖွါးဆရာမတဦးနှင့် ကြီးကြပ် ၁ ဦး ရှိသော်လည်း တာဝန် ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများကို လှည့်လည်သွားရောက်နေကြရသဖြင့် ကျန်းမာရေးဝန်ဆောင်မှု လုံလောက်မှုမရှိကြပါ။ အရေးပေါ်လိုအပ်ပါက သားဖွားဆရာမကို ဖုန်းဆက်ခေါ်ယူကြရသည်။

### ၂.၇.၂ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) မှုံပြာကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (ကီလိုမီတာ) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု /မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ကျေးရွာ အတွင်း | လုံလောက်မှု မရှိ။ | သားဖွားဆရာမ (၁) ဦး<br>ကြီးကြပ်-၁ (၁) ဦး | နာဖျားကဲ့သို့သော အသေးအဖွဲ့ ကိစ္စ ရပ်များနှင့် မီးဖွားခြင်းတို့ကို လုပ်ဆောင်နိုင် (ထိုအတွက် ဆေးဝါးလုံလောက်မှုမရှိ) | ကျေးရွာ အတွင်း |
| ဆေးရုံ | လွိုင်ကော် ၁ မိုင် | လုံလောက်မှု ရှိ။ | ဆရာဝန် ( ) ဦး<br>သူနာပြု - ( )<br>အခြား - ( ) | ဆေးဝါး လုံလောက်မှုရှိ | လွိုက် ကော် ၁ မိုင် |

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (ကီလိုမီတာ) | အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေးဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု /မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ဆေးဆိုင် | ကျေးရွာတွင်ရှိ | လုံလောက်မှုမရှိ။ | ဆေးဝါးကျွမ်းကျင်သူမရှိ | လက်လှမ်းမှီမှု<br>ဆေးဝါး....<br>သိုလှောင်ပုံစနစ်<br>အအေးခန်းစနစ် | ကျေးရွာတွင်ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ အုပ်စုကျေးရွာများသို့ တာဝန်ကျဆရာမသည် လှည့်လည်သွားနေရသောကြောင့် ကျေးရွာတွင် အချိန်ပြည့် မရှိခြင်းသည် ခက်ခဲမှုတစ်ရပ်ဖြစ်သည်

## ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၂၁၁ | ဆိုး | | √ | √ | |
| အဝိစိတွင်း | ၁၇၀ | ကောင်း | √ | √ | √ | ရေရမှုနည်း |
| အဝိစိတွင်း၊ စက်တွင်း | - | - | | | | |
| ကန် | - | - | | | | |
| မြစ်/ချောင်း | - | - | | | | |
| မိုးရေသိုလှောင်ကန် | - | - | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ကျေးရွာရှိ အိမ်ထောင်အများစုမှာ ရေတွင်းများရှိကြသော်လည်း နွေရာသီတွင် ရေရှားပါးမှု ကြုံရသည်။ အဝီစိတွင်းများမှသာ ရေရရှိသော်လည်း ရရှိမှုနည်းသည်။ အဝီစိတွင်းအများစုမှာ နွေရာသီတွင် ရေခမ်းခြောက်ကြ သည်။

## ၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၃၃၂ | UNDP မှ ယင်လုံအိမ်သာ ပံပိုးကူညီပေးသည်။ နည်းပညာ ဗဟုသုတပေးသည်။ |
| ကျင်းအိမ်သာ | ၅ | |
| တောထိုင် | ၆ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြသည်။ ကျင်းအိမ်သာ ၅ အိမ်နှင့် တောထိုင် ၆ ဦးမှာ ယခုမှ အိမ်ထောင်ခွဲသူများဖြစ်ပြီး အိမ်သာစရိတ်မတတ်နိုင်ကြပါ။

## ၂.၈လမ်းတံတား အခြေအနေ

### ၂.၈.၁ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး | |
| ရွာတွင်းလမ်း | ၁ | သင့် | ၁၉၇၄ | | √ | |
| ချဉ်းကပ်လမ်း | ၂ | ကောင်း | ၂၀၁၅ | | √ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

**လေ့လာတွေ့ရှိချက်။**

၁။ရွာတွင်းအဝင်လမ်းကို ကတ္တရာလမ်းခင်းထားသော်လည်း ရွာအတွင်းလမ်းများမှာ မြေသားလမ်းများ ဖြစ် သောကြောင့် မိုးတွင်းအခါ သွားလာမှု ခက်ခဲသည်။

| **လမ်းတံတား အမျိုးအစား** | **အရွယ်အစား** | **ကောင်း/ဆိုး** | **တည်ဆောက် ခဲ့သောနှစ်** | **အသုံးပြုနိုင်သည့်ရာသီ** | |
|---|---|---|---|---|---|
| | | | | **ပွင့်လင်းရာသီ** | **တစ်နှစ်လုံး** |
| ဆိပ်ခံတံတား | | | | | |
| တံတား | ကွန်ကရစ်တံတား (အရှည် ၂၀ ပေအကျယ် ၁၂ ပေ | ကောင်း | ၁၉၈၁ | | √ |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ တံတား(၁)စင်းသာရှိပြီး ယူအင်န်ဒီပီ၏ ပံ့ပိုးမှုဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

## ၂.၈.၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| **သယ်ယူပို့ဆောင်ရေး** | **အကွာအဝေး (ကီလိုမီတာ)** | **ယာဉ် အမျိုးအစား** | **ရာသီအလိုက်သုံးစွဲနိုင်မှု** | |
|---|---|---|---|---|
| | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပါတ်လုံး** |
| **မြစ်ကြောင်း** | ၆.၄ | စက်လှေ | √ | - |
| **ပင်လယ်ရေကြောင်း** | – | – | – | – |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

၁ “ လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်**

၁။ ဘီလူးချောင်းဘေးလယ်ပိုင်ရှင်များသည် သီးနှံများကိုစက်လှေဖြင့် မိုးဦးနှင့် လွိုင်ကော်သို့ပို့သည်။ စက်လှေကို ဘီလူးချောင်းဘေးရွာများမှ အခပေးငှားသည်။

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေငယ် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | | | ၃၇၄ | ၆၉ | ၂ | ၁ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ ဆိုင်ကယ် (၃၇၄) စီးမှာကိုယ်ပိုင်များဖြစ်သည်။ ဘတ်စ်ကား (၂) စီး၊ မြင်းလှည်း ၁ စီး၊ သုံးဘီးဆိုင်ကယ် ၆၉ စီးနှင့် စက်လှေ ၁ စီးမှာ သီးနှံများသယ်ယူရန်အတွက် အဓိက လုပ်ကိုင်ကြပြီး ကိုယ်ပိုင်ယာဉ် များဖြစ်သည်။

၂။ မြို့နဲ့နီးပြီးလမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ အချိန်မရွေး သွားလာနိုင်သည်။

## ၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ၊မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | ၃၁၉ | ကောင်း | |
| ဆိုလာစနစ် | ၆ | သင့် | |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ (ဖယောင်းတိုင်) | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ အိမ်ခြေပေါင်း ၃၅၇ အိမ်ရှိရာတွင် ဆင်းရဲအိမ်ထောင်စု ၃၂ နှင့် ဆိုလာသုံးသူ ၆ ဦး၊ စုစုပေါင်း ၃၈ ဦး မီးရရှိရန် ကျန်ရှိသေးသည်။ ဆင်းရဲသောကြောင့် မီးကြိုး မီးတိုင်မတတ်နိုင်ကြပါ။

## ၂.၁၀ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာနှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| **အရေအတွက်** | ၄၂၀ | ၆၇ | ၂၈၅ | ၃၄၀နီးပါး | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်**

၁။ အင်တာနက်သီးသန့်မရှိတ်ပါ။ ဖုန်းနှင့် အင်တာနက်သုံးကြသည်။ MPT “ Telenor _ Ooredoo network နှင့် အဆင်ပြေစွာချိတ်ဆက်နိုင်သည်။

## ၂.၁၁ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအားလက်လှမ်းမှီမှု | ရှိ | သီးခြားအစီအစဉ်မရှိသော်လည်း အိမ်တိုင်းနီးပါး ရုပ်မြင်သံကြား ရှိကြသည်။ လူငယ်ရိပ်သာ ဆောက်လုပ်နေဆဲဖြစ်သည်။ ငွေကြေး မတတ်နိုင်သောကြောင့် ပြီးစီအောင်ဆောက်လုပ်နိုင်ခြင်းမရှိသေး ပါ ။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ တက်ကြွစွာ ဆောင်ရွက်ပေးကြသည်။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ဘာသာရေးပွဲများတွင်လည်း ဝန်ဆောင်မှုများ ပေးသည့် အပြင် ဝါတွင်းကာလတွင် လူငယ်များ ဥပုပ်နေ့တိုင်း ဝတ်ရွတ်ကြသည်။ |
| အားကစားပစ္စည်းများအားလက်လှမ်းမှီမှု | မရှိ | ကျေးရွာအားကစားကွင်းရှိသော်လည်း အားကစားပစ္စည်း မရှိကြပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | မရှိ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း စေတနာ့ အကျိုးဆောင် အဖြစ် တက်ကြွစွာပါဝင်ဆောင် ရွက်သည်။ |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | ရိုးရာအကများကို ထိန်းသိမ်းပြီး နှစ်စဉ် ကယား နှစ်သစ်ကူးတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ |
| စာကြည့်တိုက်၊အင်တာနက်စသည်များအားလက်လှမ်းမှီမှု | ရှိ | စာကြည့်တိုက်ရှိသော်လည်း စာအုပ်ပြည့်စုံမှုမရှိ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ကျေးရွာအတွင်းရှိလူငယ်များမှာကျေးရွာ၏သာရေး၊ နာရေးကိစ္စများတွင်ပါဝင်ကြသည်။

၂။ လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှုလက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။

၃။ လျှပ်စစ်မီးရရှိသောကြောင့် TV များအိမ်တိုင်းရှိပြီး သတင်းအချက်အလက် နည်းပညာလက်လှမ်းမှီကြသည်။ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေး ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှုများတွင် ပါဝင်ဆောင်ရွက်ကြသည်။

၄။ စာအုပ်စာပေများ လေ့လာဖတ်ရှုကြပြီး စာကြည့်တိုက်တွင် စာအုပ်စာပေများ မပြည့်စုံပါ။ ဖြည့်တင်းရန် လိုအပ်သည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမှီမှု | ရှိ | ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်းများ ရှိကြသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု | မရှိ။ | ရွာသူရွာသားများ စိတ်ဝင်စားမှု မရှိကြပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ မရှိကြပါ။ |
| ရဲစခန်းများအား လက်လှမ်းမှီမှု | ရှိ | လိုအပ်ပါက အလွယ်တကူ ဆက်သွယ်နိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ကျေးရွာတွင်ဆက်သွယ်ရေး (ဖုန်းလိုင်း) ကောင်းမွန်ပါသည်။ (Telenor, Ooredoo ဖုန်းလိုင်းများ ကောင်းမွန် ပါသည်)။

၂။လွိုက်ကော်ရဲစခန်းနှင့်ချိတ်ဆက်မှုရှိသည်။ အသက်အာမခံထားရန် ရွာသူ/သားများ စိတ်ဝင်စားမှု မရှိပါ။ အစိုး ရဝန်ထမ်းများသာအသက်အာမခံရှိကြသည်။

၃။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများလည်း မထားကြပါ။ အရေးကြီးကြောင်းလည်း သတိမမူမိ ကြပါ။ မီးသတ်အဖွဲ့ ရှိသည်။

## ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **ပြင်းထန်/မထန်** | မရှိ | မရှိ | မရှိ | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

**လေ့လာတွေ့ရှိချက်။**

၁။ ကျေးရွာတွင် ခိုးမှုများ တစ်ခါတစ်ရံသာဖြစ်လေ့ရှိပြီး ရဲစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်သည်။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ထေးငှားလျားကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေး အမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီး ဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲ နှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့ မည်ပုံ ဖော်ဆောင်မည်စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင် ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ ဖြစ်နိုင်ခြေများ ရှိသလို တစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများရှိပါသည်။ ထို့ကြောင့် ကိုးကားစာရွက် စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိ သူများနှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိဦးတည်အုပ်စုများနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **လူသား အရင်း အမြစ်**<br>• အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။<br>• လူကြီး၊လူငယ်များ စုပေါင်း လက်တွဲ ဆောင်ရွက်လေ့ရှိခြင်း။<br>• ကျေးရွာတွင် ဖွံ့ဖြိုးရေး၊ လူမှုရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း | • ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၅၈၂) ဦး နှင့် မ (၅၈၅) ဦး၊ စုစုပေါင်း (၁၁၆၇) ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၂.၃)%ရှိပါသည်။ လက်ရှိအထက်တန်းပညာ တက်ရောက်သင်ကြားနေသူ(၁၉၄) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၃၂) ဦး၊ တက္ကသိုလ် ဘွဲ့ရ (၇၀) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြား လာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။<br>• လူငယ်များအားကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင် တန်းများ ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏ လူအရင်း အမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အလား အလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေး ကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| | လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ် ကာလအတွက် အားရဖွယ်ရာပင် ဖြစ် သည်။ |
| | • ကျေးရွာတွင် ဖွံ့ဖြိုးရေးကို ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့ပေါင်း ၁၃ ဖွဲ့ ရှိပြီး စိတ်အားထက်သန်မှုရှိသည်။ |
| **သီးနှံ ထုတ်လုပ် ရေး**<br>• သီးနှံအထွက်တိုးစေသော အခြေအနေ ကောင်းများ | • ကျေးရွာစိုက်ပျိုးမြေများသည် မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်သော မြေများဖြစ်သည်။ မြေဆီလွှာ ထိန်းသိမ်းနိုင်ပါက သီးနှံအထွက်နှုန်းတိုးတက်လာနိုင် သည်။<br>• မိုးကောင်းသောက်လယ် ၆၀၀ ဧကရှိပြီး တဖြည်းဖြည်း မိုးခေါင်လာသဖြင့် ၎င်းလယ်များမှာ ယခုအခါမိုးခေါင်သဖြင့် စိုက်ရေလုံလောက်မှု မရှိပါ။ မြေယာဥပဒေအရ သင့်တော်သော သီးနှံများကိုလည်း စိုက်ပျိုးခွင့် မရကြပါ။<br>• လွိုင်ကော်နှင့် နီးပြီး စိုက်ပျိုးရေးဆေးဝါး၊ မြေဩဇာ၊ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချခြင်းများရှိသည်။<br>• ဈေးကွက်နှင့် ဝယ်လိုအားကောင်းသည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းပြီး မြို့နှင့် နီးသည်။ အချိန်မရွေး သွားလာနိုင်သည်။ ယာဉ်မျိုးစုံသွားလာနိုင် သည်။<br>• မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ အခြားဖွံ့ဖြိုးရေး အဖွဲ့များမှ နည်းပညာများ ပံ့ပိုးပေးသည်။<br>• နှစ်ရှည်ပင်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတု သင့်တော်သည်။ ဈေးကွက်ကောင်းသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မွေးမြူရေးတိုးတက်ထုတ်လုပ်ရန် အခြေအနေကောင်းများ | • တိရိစ္ဆာန်မွေးမြူရန် ရေ၊ မြေနှင့် စိုက်ပျိုးရေး စွန့်ပစ်အစာ အလုံအလောက် ရရှိနိုင်ခြင်း။<br>• တိမ္မေးကုမ္ပ ဝန်ဆောင်မှု ရရှိနိုင်သည်။<br>• ခိုင်းနွား၊ နွားသားပေါက်၊ ဝက်၊ ကြက် ဈေးကွက် ကောင်းသည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင် ငွေရ လုပ် ငန်းများ**<br>• ဝင်ငွေတိုး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက် စေသော အခြေအနေကောင်းများ | • စိုက်ပျိုးရေးအတွက် ချေးငွေရှိသော်လည်း ဆင်းရဲတောင်သူနှင့် မြေယာမဲ့များအတွက် အတိုးနှုန်းသက်သာသော ချေးငွေမရှိပါ။<br>• အရင်းအနှီး ရှိပါက လက်ရှိကျွမ်းကျင်သော ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ အိမ်ဈေးဆိုင်လုပ်ငန်း၊ ပန်းဘဲလုပ်ငန်းများ တိုးတက်လာနိုင်သည်။<br>• လက်ရှိတွင် ဆင်းရဲသားမိသားစုများမှာ အသက်မွေးပညာကျွမ်းကျင်မှု နည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းသည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• ငွေကြေးဝန်ဆောင်မှု တိုးတက် စေသောအခြေအနေကောင်းများ | • ကျေးရွာတွင်စပါးစိုက်ပျိုးသည့်တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာရံပုံငွေမှ ချေးငွေအနည်းငယ်ရရှိ၍ အရင်းအနှီးအခက်အခဲကို အတန်အသင့် ပြေလည်စေပါသည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **ပညာရေး** | |
| • ပညာရေးဖွံ့ဖြိုးတိုးတက်စေသော အခြေအနေကောင်းများ | • ကျေးရွာတွင် အလယ်တန်းကျောင်းရှိသည်။ ဆရာအင်အား အပြည့်အစုံ ရှိသည်။<br>• အောင်ချက်ကောင်းမွန်ခြင်း၊ မိဘဆရာပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်း၊ ကျောင်းအသုံးအဆောင် အသင့်အတင့်ပြည့်စုံ ကောင်းမွန်ခြင်း၊ လွိုင်ကော်နှင့် နီးခြင်းတို့ကြောင့် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်ရန်၊ ကျေးရွာပညာရေးတိုးတက်ရန် အလားအလာရှိသည်။ |
| **ကျန်းမာ ရေး** | • ကျေးရွာတွင် ဆေးခန်းနှင့် သားဖွားဆရာမ ၁ ဦး၊ ကြီးကြပ် ၁ ဦး ရှိသည်။ လျပ်စစ်မီးလည်းရရှိပြီး ဖြစ်သည်။ |
| • ကျန်းမာရေးတိုးတက်စေသော အခြေအနေ ကောင်းများ | • ကျန်းမာရေး အရေးပေါ်ဖြစ်ပါက လွိုင်ကော်နှင့်နီးပြီး ဆေးရုံသို့ အလွယ်တကူ သွားရောက်နိုင်သည်။<br>• အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြသည်။ |
| **ရေ အရင်းအ မြစ်** | • သောက်ရေအတွက် ရေတွင်း (၂၁၁) တွင်း၊ အဝီစိတွင်း (၁၇၀) တွင်း ရှိသည်။ |
| • သောက်ရေရရှိနိုင်သော အခြေအ နေကောင်း များ | • လက်ရှိရေတွင်းနှင့် အဝီစိတွင်းများမှာ နွေရာသီတွင် ရေခမ်းခြောက်သဖြင့် လုံလောက်မှု မရှိပါ။ အကယ်၍ အဝီစိတွင်းကို နက်နက်တူး၍ လျှပ်စစ်ဖြင့် ရေတင်နိုင်ပါက သောက်ရေလုံလောက်မည်။ |
| **လမ်း၊ တံတား** | • ကျေးရွာမှ လွိုင်ကော်သို့ ချဉ်းကပ်လမ်းကို ၂၀၁၅ ခုနှစ်တွင် ကျေးလက် ဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ပြုပြင်ပြီးဖြစ် သည်။ |
| • ကျေးရွာလမ်း၊တံတားများတိုးတက်ကောင်း မွန်စေသော အခြေ အနေကောင်းများ | |
| **လူငယ် နှင့် ယဉ်ကျေးမှု** | • အားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီး ဆုရရှိကြသည်။ ရိုးရာအဆိုအကပြိုင်ပွဲများတွင်လည်း ဆုရရှိဘူးကြသည်။ယဉ်ကျေးမှု ထိန်းသိမ်းမှုကောင်းသည်။ |
| • လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေသော အခြေအနေကောင်းများ | • ကျေးရွာဖွံ့ဖြိုးရေးနှင့်သာရေး၊ နာရေးများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။<br>• လူငယ်များစည်းလုံးမှုရှိသည်။ ဝါတွင်းကာလ ဥပုပ်စောင့်ခြင်း၊ ဓမ္မစကြာရွတ်ခြင်းတို့ကို ပြုလုပ်ကြသည်။<br>• တယ်လီဖုန်းအင်တာနက် အသုံးပြုကြသည်။ စာကြည့်တိုက်ရှိပြီး စာဖတ်လေ့ ရှိသည်။ |
| **လျှပ်စစ်မီးအခြေအနေ** | |
| • လျှပ်စစ်မီးလင်းရေး အခြေအနေကောင်းများ | • လျှပ်စစ်မီးရရှိခဲ့ပြီး ယခုအခါ ၃၁၉ အိမ်မှ လျှပ်စစ်မီး တပ်ဆင်အသုံးပြုနေကြပြီ ဖြစ်ပါသည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **ကျေးရွာတည်နေရာ အချက်အချာကောင်းမွန်ခြင်း** | |
| • ကျေးရွာ၏ တည်နေရာကောင်းမွန်မှုနှင့် ပါတ်သက်၍ အခြေအနေကောင်းများ | • ကျေးရွာ၏ တည်နေရာသည် မြို့တော်လွိုင်ကော်၏ အနောက်မြောက်ဖက် ၁ မိုင်ခန့်အကွာအဝေးတွင် တည်ရှိပြီး အချိန်မရွေး၊ ရာသီမရွေး၊ ယာဉ်မျိုးစုံ သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး၊ ဈေးကွက်အားလုံး ကောင်းမွန်သည်။ လုပ်ကိုင်စားသောက်ရန်လယ်၊ အိမ်ခြံဝန်းစိုက်ခင်း၊ မိုးကောင်းလယ်မြေများ၊ မိုးဗြဲဆည်နှင့် ဘီလူးချောင်းရေရှိသည်။ |

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **<u>အဖွဲ့အစည်းဆိုင်ရာကဏ္ဍ</u>** | |
| ကျေးရွာတွင်းလက်ရှိအဖွဲ့အစည်းများနှင့်ပါတ်သက်၍ အဟန့်အတား ဖြစ်စေသော အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်သည့် အစီအစဉ်မရှိခဲ့ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အခြေခံ သဘောတရားများအားသိကျွမ်းမှုအားနည်းခြင်း၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှု အားနည်းပြီး ဦးဆောင်မည့် အဖွဲ့အစည်း မရှိသေးခြင်း။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ |
| **<u>စိုက်ပျိုးရေး (သီးနှံ)</u>** | |
| • သီးနှံထုတ်လုပ်မှုတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အခြေ အနေများ | • မြေယာဥပဒေကြောင့် သင့်တော်သော သီးနှံ စိုက်ပျိုးခွင့်မရှိ။ မိုးခေါင်သည်။<br>• သဖန်းချောင်းရှိသော်လည်း ဆည်မြောင်းဖေါက်လုပ်နိုင်ခြင်းမရှိ။<br>• စပါးစိုက်ပျိုးနည်းနှင့် စပါးမျိုးအားနည်းသည်။<br>• လယ်နှင့်ယာမှ သီးနှံ အထွက်နှုန်းနည်းသောကြောင့် ဝမ်းစာဖူလုံမှုမရှိကြပါ။<br>• အရင်းအနှီးနှင့် နည်းပညာနည်းပါး။<br>• မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းမသိ။ သဘာဝမြေဆွေး၊ နွားချေးလုံလောက်မှုမရှိ။ သဘာဝမြေဆွေးပြုလုပ်နည်းမသိ။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **<u>မွေးမြူရေး</u>** | |
| • မွေးမြူရေးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသော အခြေအနေများ | • မွေးမြူရေးချေးငွေမရရှိနိုင်ခြင်း<br>• ကာကွယ်ဆေးထိုးသည့် အလေ့အထမရှိကြ။ ကျေးရွာတွင် ဆေးဝါးအလွယ်တကူမရှိ။<br>• မွေးမြူရေးနည်းစနစ် နည်းပညာအားနည်းသည်။<br>• သားသတ်လိုင်စင်မရှိသောကြောင့် သားသတ်လိုင်စင်ရှိ သူများ၏ ဈေးနှိမ်၊ ခေါင်းပုံ အဖြတ်ခံရ။ |
| **<u>အခြားစီးပွားရေးလုပ်ငန်းများ</u>**<br>• ဝင်ငွေတိုးအသက်မွေးလုပ်ငန်းများတိုးတက်မှုကို အဟန့်အတား ဖြစ်စေသော အခြေအနေများ | • တောင်ယာလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်မှု အားနည်းခြင်း။<br>• ပုံမှန်အလုပ်မရှိ။<br>• ပြင်ပနှင့် အဆက်အသွယ် နည်းပါးခြင်း။<br>• စိုက်ပျိုးရေးထွက်ကုန် အခြေပြု ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှု မရှိခြင်း။<br>• ပုံမှန်သွားလာသည့် လူထုသယ်ယူပို့ဆောင်ရေး ယာဉ်မရှိခြင်း။<br>• ပန်းရံ၊ လက်သမားတချို့ရှိသော်လည်း ပစ္စည်း လုံလောက်မှု မရှိသောကြောင့် နောက်လိုက်လုပ်နေရ။ ချေးငွေ လက်လှမ်းမမီခြင်း၊ အတိုးနှုန်းမြင့်မားခြင်း။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• ငွေကြေးဝန်ဆောင်မှု အဟန့်အတားများ | ကျေးရွာတွင် စိုက်ဘဏ်၊ သမဝါယမနှင့် မြစိမ်းရောင်စီမံကိန်းတို့မှ ချေးငွေရနိုင်သော်လည်း ချေးငွေများမှာ ကာလတိုချေးငွေများဖြစ်ခြင်း၊ ချေးငွေလုံလောက်မှု မရှိခြင်း၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများမှာ တောင်သူများ၏ လို အပ်ချက်နှင့် ကိုက်ညီမှုနည်းခြင်း၊ ပုဂ္ဂလိက ငွေကြေးဝန်ဆောင်မှုနှင့် ဘဏ်စနစ် အားနည်းနေသေးခြင်းစသည် အခက်အခဲများကြောင့် ငွေကြေးဝန်ဆောင်မှုစနစ် တိုးတက်မှု လိုအပ်နေသေးသည်ကို တွေ့ရသည်။ |
| **<u>ပညာရေး</u>** | |
| • ပညာရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အခြေအနေ များ | • အချို့မိဘများမှ ဆင်းရဲသောကြောင့် သားသမီးများကို အထက်တန်းသို့ ကျောင်းဆက် မထားနိုင်ကြပါ။ ပညာသင်စရိတ် မတတ်နိုင်ကြပါ။<br>• ယင်လုံအိမ်သာနှင့် ပရိဘောက လုံလောက်မှု မရှိသေးပါ။<br>• မူကြိုဖွင့်လှစ်ထားသော်လည်း ဓမ္မာရုံတွင်သာ စာသင်နေရပြီး မူကြိုကျောင်း ဆောက်လုပ်နိုင်ခြင်း မရှိသေးပါ။<br>• စာကြည့်တိုက် စာအုပ်ပြည့်စုံမှု မရှိကြပါ။ |
| **<u>ကျန်းမာရေး</u>**<br>• ကျန်းမာရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အခြေအနေ များ | • ကျေးရွာအုပ်စုအတွက် သားဖွားဆရာမ (၂) ဦး ရှိပြီး ကျေးရွာများကို အလှည့်ကျလိုက်လံ ပြုစုစောင့်ရှောက်သော်လည်း ကျေးရွာ(၅)ရွာ အတွက် အိမ်ထောင်စုများသဖြင့် လုံလောက်မှုမရှိသေးပါ။<br>• ကျေးရွာတွင် မိမိစရိတ်ဖြင့် သားဖွါးဆရာမ တက်ရောက်ပြီးသူအချို့ရှိ။ သို့သော် စားဝတ်နေရေးအတွက် အခြားအလုပ်ကို လုပ်နေရသောကြောင့် ကျန်မားရေး စောင့်ရှောက်မှု လုပ်မပေးနိုင်ကြပါ ။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| | • ရေတွင်းများ နွေရာသီတွင် ရေခမ်းသောကြောင့် သောက်ရေ အခက်အခဲရှိသည်။ |
| **<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>**<br>• လူငယ်များဖွံ့ဖြိုးရေးကို အဟန့် အ တားဖြစ်နေသော အခြေအနေ များ | • အဆိုအက တိုက်လေ့ရှိ။ ရိုးရာတခွန်တိုင်ပြုင်ပွဲ နှစ်စဉ် ပြုင်ပွဲဝင်လေ့ရှိသော်လည်း တီးဝိုင်းပစ္စည်းလုံလောက်မှုမရှိ။<br>• လူငယ်ရိပ်သာကို အကြမ်းထည် ဆောက်လုပ်ပြီးသော်လည်း အပြီးမသတ်နိုင်ပါ။ ငွေမရှိပါ။<br>• စာကြည့်တိုက်ရှိကြသော်လည်း စာအုပ်၊ စာပေ ပြည့်စုံမှုမရှိ။ လေ့လာသင်ယူရန် အခက်အခဲရှိ။ လူငယ်များ တယ်လီဖုန်း ရှိသော်လည်း အင်တာနက်အသုံးပြုရန် ကျွမ်းကျင်မှု အားနည်းသည်။<br>• အသက်မွေးလုပ်ငန်းများနှင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ ကျွမ်းကျင်မှု အားနည်းခြင်း၊ အဆက်အသွယ်မရှိခြင်းကြောင့် လူငယ်များအနေဖြင့် သင့် တော် သော အလုပ် အကိုင် ရရှိရန် အခွင့် အလမ်း နည်းပါးသည်။ |
| **<u>ကျေးရွာအတွင်းရှိအခြေခံအဆောက်အဦးများ</u>**<br>• ကျေးရွာအခြေခံအဆောက်အဦများ တိုးတက်မှုကို အဟန့် အတားဖြစ်နေသောအခြေအနေများ။ | • မြေသားလမ်းဖြစ်သဖြင့် မိုးရာသီတွင် သွားလာမှု ခက်ခဲသည်။ ပြုပြင်ရန်မတတ်နိုင်ကြပါ။ |
| **<u>လျှပ်စစ်မောတ်အားသုံးစွဲ ရေး</u>**<br>• ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးနှင့် ပါတ်သက်၍ အဟန့်အတား ဖြစ်နေသော အခြေအနေများ။ | • အချို့အိမ်များမှာ ဆင်းရဲသောကြောင့် လျှပ်စစ်မီး တပ်ဆင်နိုင်ခြင်းမရှိ။ လက်လှမ်းမီနိုင်ခြင်း မရှိသေးပါ။<br>• လက်ရှိဓါတ်တိုင်နှင့် မီးကြိုးဝါယာများမှာ ဟောင်းနွမ်းနေသောကြောင့် မီးဘေးအန္တရာယ်ရှိသည်။ |

## ထေးငှားလျားကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဧယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| ❖ **အဖွဲ့အစည်းဆိုင်ရာ စနစ်** | | | | | |
| • ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ် ငန်း ကိစ္စများ အကောင်အထည်ဖော် ခြင်းနှင့် ဆုံးဖြတ်ချက် ချရာတွင် လူထု၏ပူး ပေါင်းပါဝင်မှု အားနည်း သည်။<br>• လူထုအားလုံးနှင့်ဆိုင် သော လက်ရှိလူထုအဖွဲ့ အစည်းများကြား စေးကပ်မှုနှင့်အပြန် အလှန် ဆက်သွယ်မှု အားနည်းသည်။ | • လူမှုရေးနှင့် လူထုကိစ္စ များတွင် ဒီမိုကရက် တစ် အလေ့အကျင့်များ အတွေ့ အကြုံ မရှိ သေးခြင်း။<br>• ကျေးရွာဘက်စုံဖွံ့ဖြိုး ရေး အစီအစဉ်များ တွင်လည်းအတွေ့အကြုံ မရှိသေးခြင်း။<br>• ကျေးရွာတခုလုံးခြုံငုံ သည့်ဖွံ့ဖြိုးရေးလုပ်ငန်း များကို ဦးဆောင်မည့် အမာခံ အဖွဲ့အစည်း မရှိခြင်း။ | • နိုင်ငံတော်အစိုးရ အစီအစဉ်၊ NGOများ၏ ဖွံ့ဖြိုးရေး အစီအစဉ်တို့ ကြောင့် ကျေးရွာ လူထု တွင် အစုအဖွဲ့စနစ်၊ စုဝေးတိုင်ပင်သည့် အလေ့အကျင့်များ ရှိနေခြင်း။ | • ကျေးရွာရှိအဖွဲ့အစည်း များ ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်အကူ အညီပေးရေးစနစ်မရှိ သေးခြင်း။ | • လက်တွေ့လုပ်ငန်းခွင် သင်တန်းများမှတဆင့် ကျေးရွာ အဖွဲ့အစည်း များ၏ စီမံခန့်ခွဲမှု စွမ်းရည်အလေ့အကျင့် များနှင့် ဗဟုသုတများ အတွက် နည်းပညာအကူ အညီများရရန် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။<br>• အဖွဲ့အစည်းများဆက် သွယ်ပြီး အမာခံအဖွဲ့အစည်း အဖြစ် ကျေးရွာ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မ တီနှင့် အခြားအဖွဲ့အစည်း များကို အဖွဲ့အစည်း ဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည် တည်ဆောက် ခြင်း။<br>**စီမံကိန်းများမှာ**<br>○ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း။<br>○ အဖွဲ့အစည်းဆိုင်ရာ နည်းစနစ်။<br>○ ဒီမိုကရက်တစ် အုပ်ချုပ်မှု၊ |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| | | | | ဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းတည်ထောင်ခြင်း<br>• လက်ရှိကျေးရွာရှိအဖွဲ့ အစည်းများနှင့် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများ ၏ အဖွဲ့ အစည်းဆိုင်ရာ စည်မံခန့်ခွဲမှု စွမ်းရည် တည်ဆောက်ခြင်း။ | အမြင်ကြည်လင်မှုနှင့် တာ ဝန်ခံမှု။<br>○ မတူခြားနားသည့် ကော်မ တီများ အကြား ပေါင်းစပ် ညှိနှိုင်းမှုနှင့် ချိတ်ဆက် ဆောက် ရွက်ခြင်း |
| ❖ **စိုက်ပျိုးရေး** | | | | | |
| လယ်စပါးစိုက်ပျိုး ထုတ်လုပ်နိုင်မှုနည်း လျော့နည်းခြင်း | • ဆည်မြောင်းရေလုံ လောက်စွာမရခြင်း ကြောင့်လယ်မြေအား လုံးမစိုက်ပျိုးနိုင်ခြင်း၊ လက်ရှိစိုက်ပျိုးနေ သည့် လယ် (၁၀၁၅) ဧကခန့်အတွက်လည်း ရေမလုံလောက် ခြင်း။<br>• လယ်လုပ်သားငှားရမ်း ရန် ခက်ခဲခြင်း။ | • သဖန်းချောင်းဆည်တည် ဆောက်နိုင်ပါကလက်ရှိ ဆည်ရေသောက် လယ် အပြင် မိုးကောင်း သောက် လယ်များပါ ရေအလုံအလောက် ရရှိလာမည်။<br>• ဘီလူးချောင်းမှလည်း ရေသွယ်ရန်နိုင်ရန် အလားအလာ ရှိသည်။ | • လက်ရှိမိုးဇြဲဆည်မှာ ရေ အားလျှပ်စစ်အတွက် ဦးစားပေးနေရခြင်း။<br>• နည်းပညာ၊ငွေကြေးဝန် ဆောင်မှုစျေးကွက်ဖွံ့ဖြိုး မှု အားနည်းခြင်း<br>• သင့်တော်သောသီးနှံစိုက် ပျိုးရန် မြေယာဥပဒေ အား နည်း ခြင်း။ | • သဖန်းချောင်း ရေတံမံ ဆောက်လုပ်ခြင်းဖြင့် လယ်စိုက်ဧက တိုး တက်အောင်ဆောင်ရွက် ခြင်း၊<br>• ဘီလူးချောင်းမှ ရေသွယ် စိုက်ပျိုးခြင်း<br>• မိုးကောင်းသောက်လယ် များတွင် ရရှိသောမိုးရေ နှင့် သင့်တော်သည့် သီးနှံ စိုက်ပျိုးရန် မြေယာ | • သဖန်းချောင်း ရေတံမံ ဆောက်လုပ်ခြင်း<br>• ဘီလူးချောင်းမှ ရေသွယ် စိုက်ပျိုးခြင်း |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| | | | | ဥပဒေဖြင့် ညှိနှိုင်း ဆောင်ရွက်ခြင်း။ | |
| ❖ **တိရိစ္ဆာန်မွေးမြူရေး** | | | | | |
| • မွေးမြူရေးထုတ်လုပ်မှု အားနည်းခြင်းနှင့် မွေးမြူရေးမှ ဝင်ငွေရရှိမှုနည်းခြင်း။ | • မွေးမြူရေးလုပ်ငန်း တိုးမြှင့်ရန် ရင်းနှီးငွေ မတတ်နိုင်ခြင်း၊<br>• တိရိစ္ဆာန်ထွက်ကုန် များရောင်းချရာတွင် ဈေးနှိမ်ခံရခြင်း၊<br>• တိရိစ္ဆာန်ဆေးဝါး ပြည့်စုံမှုမရှိခြင်း | • အိမ်မွေးတိရိစ္ဆာန်မွေးမြူ ရန် မြေနေရာ၊ အစာနှင့် ရေရရှိခြင်း။<br>• နွားမွေးမြူရန် စားကျက် များစွာရှိခြင်း။ | • နည်းပညာနှင့်ငွေကြေး ဝန်ဆောင်မှုများရရှိရေး အစီအစဉ်နှင့်အချိတ် အဆက် | • တိရိစ္ဆာန်မွေးမြူထုတ် လုပ်မှုစနစ်တိုးတက်ရန် အခြေအနေကောင်းများ ဖန်တီးပေးခြင်း<br>○ ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီရေး<br>○ နည်းပညာဝန်ဆောင်မှု လက်လှမ်းမီရေး<br>○ ဈေးကွက်<br>○ သယ်ယူပို့ဆောင်ရေး | • ဒေသကြက်၊ ဝက်၊ ငါး မွေးမြူခြင်း<br>• တိရိစ္ဆာန်ကုသဆေးဝါး |
| ❖ **လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းများ** | | | | | |
| • လယ်ယာလုပ်ငန်း မဟုတ်သော ဝင်ငွေတိုး လုပ်ငန်းလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းနည်းပါး သည်။ | • အသက်မွေးဝမ်းကျောင်း လုပ်ငန်း ကျွမ်းကျင်မှု အားနည်း။<br>• မြို့တက်၍သင်တန်း များရယူရန် နေထိုင်ရေး၊ စားစရိတ် များမတတ်နိုင်ခြင်း။ | • ရွာသူ/သားများမှ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို စိတ်ဝင်စားကြသည်။<br>• ၎င်းအတတ်ပညာသင် ကြားပေးနိုင်သောအဖွဲ့ အစည်းများရှိသည်။ | • အသက်မွေးဝမ်းကျောင်း မှု လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေးအတွက် စီမံကိန်းများမရှိခြင်း၊<br>• လေ့လာသင်ယူရန် အ ဆက်အသွယ်၊ အရင်း အနှီးမရှိ။ | • ဝင်ငွေရလုပ်ငန်းများတိုး တက်လုပ်ကိုင်နိုင်မည့် ပတ်ဝန်းကျင် အခြေ အနေများဖန်တီးပေးခြင်း<br>○ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု<br>○ နည်းပညာနှင့်ငွေကြေး ဝန်ဆောင်မှုများ | • ဆံပင်ညှပ်ဆိုင်<br>• သုံးဘီးကား တည်ထောင် ခြင်း<br>• အသက်မွေးဝမ်းကျောင်း မှု လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေးသင်တန်းများ |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| | • ဒေသအတွင်း အလုပ်အကိုင် အခွင့် အလမ်းရရှိစေမည့် စီးပွါးရေးလုပ်ငန်း များမရှိခြင်း။ | | | | ○ ပန်းရံ၊ လက်သမားသင် တန်း |
| ❖ **ကျန်းမာရေး** | | | | | |
| • ရွာသူ/သားများ နွေရာသီတွင် သောက်သုံးရေ လုံ လောက်မှုမရှိ။<br>• ကျန်းမာရေး အားနည်းနေသေး သည်။ | • မိုးခေါင်ခြင်းနှင့် ရာသီဥတု ဖေါက်ပြန် ခြင်းကြောင့် ရေ တွင်းများ နှစ်စဉ် နွေရာသီ တွင် ရေခမ်းလာသည်။<br>• ကျန်းမာရေး ဗဟုသုတ နည်းသေးသည်။ | • စက်ဖြင့် ရေတွင်းများကို ပြုပြင်ပါက ရေထွက် ကောင်းလာနိုင်သည်။<br>• သင်တန်များအတွက် ဝန်ဆောင်မှုပေးသော သားဖွါး ဆရာဝန်ထမ်း များရှိ၊ ကျန်းမာရေးနှင့် ဆိုင်သောဖွံ့ဖြိုးရေး အဖွဲ့များ၊အမျိုးသမီး ရေးရာ၊ မိခင်ကလေး အဖွဲ့များ ဖွဲ့စည်း ထား ပြီးဖြစ်သည်။ | • ရေတွင်းပြုပြင်ရန်ကုန် ကျစရတ်အတွက် ငွေအရင်းအ နှီးမရှိ။<br>• အဆက်အသွယ် အချိတ်အဆက် အားနည်းသည်။ | • လူသားချင်း ကူညီ ထောက်ပံ့သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။<br>• ကျန်းမာရေး သင်တန်း လိုအပ်သည်။ | • ရေတွင်းဟောင်းများ ပြု ပြင်ခြင်း<br>• ကျန်းမာရေး အသိပညာ ပေးသင်တန်း |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| ❖ **ပညာရေး** | | | | | |
| • ကျောင်းအိမ်သာ လုံလောက်မှု မရှိ။ | • ယင်လုံအိမ်သာဆောက်လုပ်ရန်မတတ်နိုင်ခြင်း။<br>• မြို့ကျောင်းတက်ရန် အခက်ခဲရှိခြင်း။ | • ကျောင်းသားနှင့် ဆရာအလုံအလောက် ရှိသည်။ | • ပညာရေးရန်ပုံငွေအရင်း အနှီး မလုံလောက်ခြင်း | • ကျောင်းယင်လုံ အိမ်သာ ဆောက်လုပ်ခြင်း<br>• မိဘဆရာအသင်း၏ လုပ်ငန်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် | • ကျောင်းယင်လုံ အိမ်သာ ဆောက်လုပ်ခြင်း |
| ❖ **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား** | | | | | |
| • လူငယ်များ ဖွံ့ဖြိုးရေး အတွက် လေ့လာသင်ယူရန် အခွင့်အလမ်း နည်းပါး။<br>• လူထု အစည်းအဝေး ခန်းမနေရာ စနစ်တကျမရှိခြင်း<br>• အနုပညာဖွံ့ဖြိုးတိုးတက်စေရန် ပစ္စည်းကိရိယာ ပြည့်စုံမှုမရှိ။ | • စာကြည့်တိုက် စာအုပ် လုံလောက် ပြည့်စုံမှု မရှိ။<br>• အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှု နည်းပါးခြင်း<br>• လူငယ်ဖွံ့ဖြိုးရေး အတွက် အနုပညာ၏ အရေးပါမှုကိုအလေးထားမှုနည်းပါးခြင်း။ | • စာကြည့်တိုက် ဆောက်လုပ်ပြီး အဆင်သင့်ရှိ။ လူငယ်များ စာဖတ်လေ့ရှိ။<br>• ကယားပြည်နယ်နေ့တွင် လူငယ်များ ရိုးရာအဆို၊အကများဖြင့် ပြိုင်ပွဲများ နှစ်စဉ်ကျင်းပသည်။<br>• အကတိုက်ခြင်း၊ အစည်းဝေး ကျင်းပခြင်းတို့ကို ပုံမှန်ပြုလုပ်လေ့ရှိသည်။ | • စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရန် ငွေအရင်းအနှီး မရှိ။<br>• စာကြည့်တိုက်စီမံခန့်ခွဲမှု နည်းပညာအားနည်းခြင်း<br>• အသက်မွေးဝမ်းကျောင်း ပညာသင်ယူရန် အဆက်အသွယ်နှင့် အရင်းအနှီး မရှိ။ နေထိုင်စရာ အခက်အခဲရှိ။ | • စာအုပ်များဝယ်ယူဖြည့်ဆီးရန်၊<br>• ဘက်စုံအသုံးပြုရန် လူငယ်ရိပ်သာ ဆောက်လုပ်ခြင်း<br>• လူငယ်တီးဝိုင်း တည်ထောင်ခြင်း။ | • စာကြည့်တိုက် စာအုပ်များ ဝယ်ယူဖြည့်ဆီးခြင်း<br>• ဘက်စုံအသုံးပြုရန် လူငယ်ရိပ်သာ ဆောက်လုပ်ခြင်း<br>• လူငယ်တီးဝိုင်း တည်ထောင်ခြင်း<br>• ကွန်ပြူတာ၊ အင်္ဂလိပ်စာသင်တန်း<br>• အိမ်တွင်းမှုလက်မှု ပညာသင်တန်း |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| | | | | | • ပန်းအလှပြင်သင်တန်း<br>• ဝပ်ရှော့ စက်ပြင်သင်တန်း<br>• ယိုမျိုးစုံသင်တန်း<br>• အလှပြင်ဆံပင်ညှပ်သင်တန်း |
| ❖ **ကျေးရွာ အခြေခံ အဆောက်အဦးများ** | | | | | |
| • ကျေးရွာအတွင်း လမ်းမကောင်း၊ | • မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါ သွားလာရန် အခက်အခဲရှိသည်။ | • ရွာအတွင်းလမ်းများ စနစ်တကျဖေါက်လုပ်ထားသည်။ | • လမ်းပြုပြင်ရန် အရင်းအနှီး မရှိ။ | • ကျေးရွာအတွင်း လမ်းပြုပြင်ရန်လိုအပ်။ | • ကျေးရွာအတွင်း လမ်းပြုပြင်ခြင်း |
| ❖ **လျှပ်စစ်စွမ်းအင်** | | | | | |
| • ဆင်းရဲသားအိမ်များ လျှပ်စစ်မီး တင်ဆင်နိုင်ခြင်း မရှိသေးခြင်း။ | • ဆင်းရဲသားများ လျှပ်စစ်မီး တပ်ဆင်ရန် မတတ်နိုင်ခြင်း။ | • ကျေးရွာတွင် လျှပ်စစ်မီး လက်လှမ်းမီသည်။ | • ဆင်းရဲသားရပ်ကွက်များ လျှပ်စစ်မီး တပ်ဆင်ရန် အရင်းအနှီးမရှိ။ | • ဆင်းရဲသားရပ်ကွက်မီးကြိုး သွယ်တန်းနိုင်မည့် အစီအစဉ်များ ဆွေးနွေးညှိနှိုင်းခြင်း။ | • မီးကြိုးနှင့် မီးတိုင် တပ်ဆင်ခြင်း |

## ကိုးကားစာရင်း


၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ လွိုင်ကော်မြို့နယ်၊ ထေးငှားလျားကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

# အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ -<br>ကျေးရွာအုပ်စု -<br>မြို့နယ် -<br>တိုင်းဒေသကြီး / ပြည်နယ် - | |
| စီမံချက်အမည် - | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ……(ငွေသား)<br>• ……..(ငွေသား)<br>• ……(ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>• |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |